စိတ်ကူးချိုချိုအနုပညာ

ဒဂုန်ခင်ခင်လေး

# ဖေ့သည်းချာ
# မေ့သည်းချာ




စတုတ္ထအကြိမ်

mgyoe.com

'ဖေ့ သည်းချာ' ဝတ္ထုတွင် ဖခင်တဦး၏ ချ
ခြင်းမေတ္တာကို ဖော်ပြသကဲ့သို့ 'မေ့ သည်းချာ'
ဝတ္ထုမှာ မိခင်တဦး၏ ချစ်ခြင်းမေတ္တာကို ဖော်
ညွှန်းရေးသားခြင်း ဖြစ်ပါသည်။

မြန်မာစာပေနှင့်ရုပ်ရှင်လောကဌ်မိဘများမှာ
'ဗိုးလိန်း'ခေါ် လူကြမ်းအခန်းမှ ပါဝင်အသုံး
တော်ခံနေရသော ယခုလို အချိန်အခါမျိုးတွင်
ဤဝတ္ထုနှစ်ပုဒ်သည် မိဘဘက်မှ ရှေ့နေလိုက်
ထားသည်။ သားသမီးများအပေါ် ထားရှိသော
မိဘများ၏မေတ္တာ၊ စေတနာ ကြီးမားပုံကို
ဤဝတ္ထုနှစ်ပုဒ်တွင် သင်ခန်းစာယူဘွယ်၊ ဆွတ်
ပြုံးဘွယ်၊ သနားဘွယ်၊ ရင်နာဘွယ်၊ ဖတ်ရှု
ခံစားရပေမည်။

ဥဒါန်းစာပေဖြန့်ချိရေးအဖွဲ့



dgk0012
2000.00 Ks

mgyoe.com

mgyoe.com

ပေ့သည်းချာမေ့သည်းချာ၊ ဒဂုန်ခင်ခင်လေး
စာမျက်နှာ ၂၅၁ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၈၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဒီဇင်ဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၉ ဥဒါန်းစာပေ၏ တတိယအကြိမ်မှ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဖေ့သည်းချာ
# မေ့သည်းချာ

ဒဂုန်ခင်ခင်လေး

စတုတ္ထအကြိမ် ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဖေ့သည်းချာ

## အခန်း ၁

ရိလေးသည် ဈေးချိုတော်သို့ အလိုရှိသော ပစ္စည်းကလေးများ ဝယ်ခြမ်းရန် မင်္ဂလာဈေးထိပ်ရှိ ဓာတ်ရထားဆိပ်မှ စောင့်ကာ အဆင်သင့် ရောက်လာသော ဓာတ်ရထားပေါ်မှ တက်ပြီး နီးရာခုံတန်းတစ်ခုတွင် ဝင်၍ထိုင်လိုက်သည်။ ထိုခဏမှာပင် ဓာတ်ရထားလက်မှတ်ရောင်းသူ သည် အနီးသို့ရောက်လာ၏။ ရိလေးသည် အကြွေလည်း မပါသဖြင့် ငါးကျပ်တန်တစ်ရွက်ကိုထုတ်ကာ "ဈေးချိုနာရီစင်ထောင့်ကို" ဟု ပြောလိုက်၏။ လက်မှတ်ရောင်းသူသည် ငါးကျပ်တန်ကို မအမ်းနိုင် ကြောင်းပြောပြီး ဓာတ်ရထားမထွက်မီ ပြန်ဆင်းလိုကဆင်းနိုင်ရန် ငွေစက္ကူကို လက်ကမ်း၍ ပေးသောကြောင့် ရိလေးသည် ထိုင်ရာမှ ထတော့မည်အပြုတွင် ခုံချင်းယှဉ်လျက်ရှိသောနေရာမှ လူတစ်ယောက် သည် လက်မှတ်ရောင်းသူကို လက်မှတ်ခစိုက်ပေးပြီး ငွေစက္ကူကို သူ၏ နာရီအိတ်ထဲသို့ ခပ်တည်တည်ပင် ယူ၍ထည့်ထားလိုက်လေ၏။ ရိလေး သည် ထိုသူကို အံ့သြစွာ ကြည့်လိုက်ရာမှ ထိုသူ၏ပြုမူပုံကို မြင်ရသော အခါ သာ၍ အံ့အားသင့်သွားပြန်၏။

mgyoe.com

mgyoe.com


ရွှေလက်ပတ်နာရီ၊ ပိုးညွန့်တိုက်ပုံ၊ ဘန်ကောက်လုံချည်မီးခိုးရောင်နှင့် ပြောင်လက်သော ပေတင်ရှုးဖိနပ်ကို စီးထားသော အသက် နှစ်ဆယ်ကျော်အရွယ် အထက်တန်းစားပညာတတ်လူပျိုချောတစ်ယောက် ဖြစ်နေပြန်သောကြောင့်တစ်ကြောင်း၊ တစ်ပဲခြောက်ပြားမျှဖြစ်သော ဓာတ်ရထားလက်မှတ်ခကို ခရီးသည်ခြင်း ယဉ်ကျေးမှုအဖြစ်နှင့် ကူညီထားသည့်ကျေးဇူးကြောင့်တစ်ကြောင်း၊ မိမိ၏ ငါးကျပ်တန်ငွေစက္ကူကို သူ၏အိတ်ထဲသို့ ထည့်လိုက်ပြီး ပြန်၍လည်းမအမ်းနှင့် ခပ်တည်တည်ကြီးလုပ်နေသည့်အတွက် မိမိကပြောဆို၍ တောင်းယူရမည်လည်း ရိုင်းရာကျနေမည်ဖြစ်သောကြောင့် ဘာမျှမပြောဘဲ ငြိမ်နေလိုက်ရ၏။ သို့ရာတွင် ရီလေး၏စိတ်၌ကား ထိုသူငယ်၏မခိုးမခန့်ပြုမူနေမှုအတွက် မခံချင်လျက်ရှိနေသဖြင့် ထိုသူငယ်၏မျက်နှာကို စူးစိုက်စွာ ကြည့်မိသောအခါ ရီလေးမှာ သာ၍ အံ့အားသင့်သွားမိပြန်တော့၏။

ထိုလူငယ်ပျိုကား အခြားမဟုတ်၊ ရီလေးနေရှင်နယ်ကျောင်းမှ ဆယ်တန်းအောင်ပြီး၍ ကျောင်းထွက်သည့်နှစ်က ကျောင်းက သူငယ်ချင်းမကလေးများနှင့် ဝါဆိုပန်းခူးထွက်စဉ်၊ ရန်ကင်းတောင်တောစဥ် နှစ်ဦးနှစ်ဝဘုကျခဲ့ဖူးသော မန္တလေးဥပစာကောလိပ်ကျောင်းသားတစ်ဦးဖြစ်ကြောင်း ရုတ်တရက် သတိရလာလေ၏။

ရီလေးတို့အသိုက်မှ မိန်းမပျိုများသည် မိုးစိမ့်စိမ့်တွင် ကျောက်ပန်းများကို တောင်ဆင်ခြေလျှောရှိ ကျောက်တုံး ကျောက်ခဲကြီးများအကြားတွင် သီချင်းတကြော်ကြော်နှင့် တငုံ့ငုံ့ခူးယူနေကြခိုက် အထက်ဆီမှ ဝါဆိုပန်းခူးလာကြသောကျောင်းသားတစ်သိုက်၏ ဖိုသံပေးသီချင်းနှင့် တကွ ဆူကြ၊ ပူကြ၊ မြူးကြ၊ ခုန်ကြသံများကို ကြားရပြီးနောက် ကျောင်းသား အချင်းချင်း နောက်ပြောင်ကျီစယ်ကာ တွန်းလား၊ ထိုးလား လုပ်ကြရင်းမှ ကျောင်းသားနှစ်ယောက်သုံးယောက်မှာ မိုးရေနူးပွလျက်

mgyoe.com

ရေညှိများတက်နေသည့် ကျောက်တုံးများပေါ်မှ အားလွန်ခြေချော်ကာ ဆင်ခြေလျှောအတိုင်း မဟန်နိုင်အောင် ဖင်တရွတ်တိုက်၍ လျှောကျလာ လျက် ရတ်တရက် လူချင်းတိုက်ကာ လဲကျပြန်၏။ လျှောကျလာသော ယောကျ်ားပျိုနှစ်ယောက်သုံးယောက်နှင့် ကျောက်ပန်းခူးနတ်နေသော မိန်းမပျိုတစ်သိုက် ထိခိုက်မိကြရာတွင် ရိလေးနှင့် ထွေးလားလုံးလား ဖြစ်နေသူမှာ ယခုဓာတ်ရထားပေါ်တွင် တွေ့မြင်ရသည့်သူဖြစ်သည်။ ရိလေးသည် လိမ့်လျှောလာသော အဆိုပါ ယောကျ်ားပျို၏ရင်ခွင်တွင် ဖင်ထိုင်လျက်လဲရာမှ အားယူ၍ ထလိုက်ကာ ဒေါသထွက်ရမည်အခက်၊ ရယ်ရမည်အခက်နှင့် ရှိနေစဉ် ဒေါသစိတ်က ပိုမိုဝင်ရောက်လာ၏။

"ဟင်... ဒီမှာ လူတွေရှိမှန်းသိရက်နဲ့ အကန်းလိုပဲ"

နှုတ်ခမ်းစူကာ ရေရွတ်လိုက်မိ၏။ အခြားမိန်းမပျိုတို့လည်း ရိလေး နည်းတူ နှုတ်ခမ်းစူကာ ရန်ထောင်ကာနှင့် ရှိသောအခါ လဲနေသော ယောကျ်ားပျိုမှာ ဖင်နှိပ်ခါးနှိပ်နှင့် ဖုတ်ဖက်ခါ၍ ထရင်း...

"မတော်လို့ ချော်ကျတာအသိသားနဲ့ဗျာ၊ ခင်ဗျားတို့ကို တမင် တကာလုပ်တာမှ မဟုတ်ဘဲ"

အောက်ကလိအာ လေသံခပ်အေးအေးနှင့် ပြောလိုက်လျှင် နှုတ်သီး ကောင်းမကလေးတစ်ယောက်ကမူ၊

"ဟင်း... မတော်တဆမှန်းသိလို့သာပေါ့။ နို့မိုရင် အစိမ်းလိုက် ဝါးစားမှာ"

ပြောလိုက်စဉ် တစ်နေရာဆီမှ ဘိန်းစားသံကလေးနှင့်၊

"တစ်ကိုယ်လုံးတော့ မစားလိုက်ပါနဲ့ခင်ဗျာ၊ ကျွန်တော် အသည်း ယားတတ်ပါတယ်"

ထိုစကားသံပေါ်လာပြန်သောအခါ ရိလေးနှင့်တကွသော မိန်းကလေး တစ်သိုက်မှာ ပို၍ ဒေါပွသွားပြန်သည်။

mgyoe.com

mgyoe.com

ရိလေးကား မိမိနှင့် ထိခိုက်မိသူယောကျ်ားပျိုကို ပိုမိုဒေါပွလျက် ရန်တွေ့ဦးမည်ဟု လှည့်ကြည့်လိုက်သောအခါ အဆိုပါသူငယ်မှာ ခွေခွေကလေးလဲနေရာမှ အခြားလူများလို ကုန်းရုန်း၍ မထနိုင်သေးဘဲ မျက်လုံးကလေးကို မှေးမြဲမှေးနေသည်ကို တွေ့ရပြီးလျှင် ရန်တွေ့ခံနေရသော အခြားလူငယ်များမှာ အထိတ်တလန့်နှင့်...

"ဟောဗျ၊ ကိုသန့်ဇင် မေ့နေပြီ ထင်ပါရဲ့"

ဆိုကာ သူငယ်ချင်းကို ဝိုင်းဝန်းပွေ့ထူကြည့်သောအခါ ရိလေးတို့မိန်းမတစ်သိုက်မှာ အံ့အားသင့်သွားပြီး သနားရမလို၊ ကူညီပြုစုရမလိုနှင့် အမ်းတန်းတန်းဖြစ်နေသည်။

"အို... လုပ်ကြပါဦးဗျ။ ဒီမှာ သေမလား ရှင်မလား... မသိရဘူး"

ပွေ့ထားသော ယောကျ်ားပျိုတစ်ယောက်က ပြောလိုက်သောအခါ ရိလေးမှာ အနီးသို့ကူညီရန် တိုးလာမိသည်။ သို့သော် မေ့နေသူ၏ လက်တစ်ဖက်သည် ပွေ့ထားသော လူငယ်၏ခါးကို အချက်ပေးသကဲ့သို့ လက်တို့လျက်ရှိသည်ကို တွေ့မြင်လိုက်ရပြန်သဖြင့် ပရိယာယ်ဆင်နေကြောင်း သိရသောအခါ ခပ်ချဉ်ချဉ်နှင့် ကျိတ်ပြုံးလိုက်လျက် ရုတ်တရက် အနီးရှိ ဓာတ်ဘူးကိုယူပြီး အထဲမှ ရေခဲရေများနှင့် မျက်နှာကို မွှန်းအောင် လောင်းချလိုက်ကာ "မေ့နေတဲ့လူဆိုတာ ဟောဒီလို ရေနဲ့လောင်းရတယ်"

ပြောကာ ချာခနဲလှည့်ထွက်လာလျှင် မေ့ချင်ဟန်ပြုနေသူ မောင်သန့်ဇင်မှာ သူငယ်ချင်းများ၏ရင်ခွင်ကြား၌ ဝူးဝါးဝူးဝါးဖြစ်လျက် ကျန်ရစ်ခဲ့သည်။

ရိလေးသည် အထက်ပါ ရှေးဟောင်းအဖြစ်အပျက်ကလေးကို ရုပ်ရှင်ပြသလို အစအဆုံး ထင်မြင်လာသည်။

"အင်း... လက်စသတ်တော့ သူကိုး"

ကျိတ်၍ပြုံးကာ ပို၍ အော့နှလုံးနာသွားပြန်သည်။ သို့နှင့် ဓာတ်

mgyoe.com

mgyoe.com


ရထားကား သွားမြဲသွားလျက်ရှိရာမှ နောက်ဆုံးတွင် ဈေးချိုနှာရိစင်ထောင့်သို့ ရောက်ခဲ့သည်။

"ဒီမှာ ခင်ဗျာ၊ ငွေစက္ကူ အမ်းရအောင်"

ဆို၍ သန့်ဇင်သည် ရှေ့ကဆင်းသွားသောကြောင့် ရီလေးလည်း ငွေစက္ကူသံယောဇဉ်ကြောင့် နောက်မှ လိုက်ပါသွားရတော့လေသည်။

သန့်ဇင်သည် အနီးရှိကုန်တိုက်ကြီးတစ်ခုအတွင်းသို့ ဝင်သွားသောအခါ ရီလေးမှာ ကုန်တိုက်အဝသို့ရောက်ခဲ့ပြန်၏။ သန့်ဇင်မှာ ကြော့ကြော့မော့မော့နှင့် ဆိုင်တွင်းသို့လျှောက်ကာ ဝယ်ယူမည့်ပစ္စည်းများကို ကြည့်စပြုစဉ် ကုန်ရောင်းစားရေးသည် အဝတွင် ရပ်နေသော ရီလေးအနီးသို့ လောကွတ်ကျေသောမျက်နှာနှင့် ရောက်လာပြီး

"အထဲကိုကြွပါခင်ဗျာ၊ ဘာများအလိုရှိပါသလဲ။ ကြည့်ပါခင်ဗျာ၊ ကုန်အသစ်တွေရောက်နေပါတယ်"

ဆိုသောအခါ ရီလေးမှာ ခပ်ကြောင်ကြောင်ရပ်နေရခြင်းထက် ဟန်မပျက် ကုန်ပစ္စည်းများ လျှောက်ကြည့်နေရခြင်းက ကောင်းလိမ့်ဦးမည်ဟု စိတ်ကူးရသည့်အတိုင်း အလှခင်းပြထားသော မိန်းမအသုံးအဆောင်များကို ကြည့်ရှုနေရာ ကုန်အရောင်းစာရေးသည် သန့်ဇင်ကို တစ်လှည့်၊ ရီလေးကိုတစ်လှည့် မဝယ်ချင်ဝယ်ချင်အောင် အသုံးအဆောင်အမျိုးမျိုးတို့ကို ပြ၍နေသည်။

"ဩော်... ယူလေ...၊ လိုချင်တာယူ"

သန့်ဇင်သည် ခပ်တည်တည်လှည့်၍ပြောလိုက်ရာ ရီလေးမှာ ပိုင်စိုးပိုင်နင်း သားမယားပြော ပြောရပါမည်လားဟု တစ်ချက်မျက် စောင်းထိုးလိုက်ကာ

"ဘာမှမယူဘူး၊ ပိုက်ဆံသာ မြန်မြန်လဲပါ"

စိတ်နှင့်မာန်နှင့် ပြောသည်။

mgyoe.com

mgyoe.com


သန့်ဇင်သည် ခပ်ပြုံးပြုံးလုပ်လိုက်ကာ လက်တွင်းမှ ကိုင်ထားသော စပရင်ကို ကုန်ရောင်းစာရေးလက်သို့ ထိုးပေးရင်းပင်၊

"အင်း... ဖြည်းဖြည်းပေါ့၊ ကိုယ်လိုချင်တာကလေးတွေ ဝယ်လိုက်ပါရစေဦး။ ကဲ... ဟောဒါ ထုပ်လိုက်ပါ"

ဆိုရင်း ရီလေးဘက်သို့လှည့်ပြီး၊

"ဘာမှမဝယ်တော့ဘူးလား၊ ကြုံကြိုက်တဲ့အခါ လိုတာကို ယူဦးမှပေါ့"

ပြောပြန်သည်တွင် ကုန်ရောင်းစာရေးကလည်း စပရင်ကို စက္ကူသေတ္တာနှင့်ထည့်၍ ထုပ်နေရာမှ လင်မယားဟု အထင်ရှိသည့်အတိုင်း "ဟုတ်ပါတယ်ခင်ဗျာ၊ လာတဲ့အခါ ဝယ်ပါဦး။ ဟောဒီဇာဘော်လီပုံသစ်တွေဟာ မနေ့ကမှ ရန်ကုန်တိုက်ကြီးက ပို့လိုက်တာပါ။ ဟောဒီပိုးဇာလုံချည်ကလေးဟာလည်း ခင်ဗျားမစ္စက်နဲ့ သိပ်တော်ပါတယ်"

ပြောလိုက်လျှင် ရီလေးမှာ ရုတ်ခနဲ မျက်နှာတွေ ညိုမည်း၍ပွထူသွားသည်။ စာရေးအား ပက်ပက်စက်စက်ဆိုရန်လည်း အခက်၊ တစ်ဖက် မှ ပြုံးစိစိနှင့် ကျေနပ်သလိုဖြစ်နေသော သန့်ဇင်၏မျက်နှာထားကို စိတ်တိုနေသည်ကတစ်ဖုံ၊ ထို့ကြောင့် လက်တွင်ကိုင်ထားသော ပိုက်ဆံအိတ်ကလေးကို အငြိုးနှင့်ဖွင့်ချည်ပိတ်ချည်လုပ်နေမိလေ၏။ လျှာသွက်သော ကုန်ရောင်းစာရေးမှာ လင်မယားစိတ်ကောက်လာသည်ဟု ထင်မိပြန်သောကြောင့် သန့်ဇင်ကို ပြုံးချိုသောမျက်နှာနှင့် တစ်ချက်ကြည့်ကာ ရီလေး၏အနီးသို့ ရောက်လာပြီး၊

"ပေါင်ဒါ၊ ရေမွှေး၊ အလှဆီကရင်း အစုံရှိပါတယ်။ လိုတာကို အမိန့်ရှိပါခင်ဗျာ။ အစ်ကိုကြီးကဝယ်ပြီး ဒီကအစ်မက ဘာမှမယူဘူးဆိုရင် အတိုင်အဖောက်မညီဘဲ ချွေတာစေးနဲလွန်းရာကျနေပါပြီ။ ကျွန်တော်တို့ကလည်း အစ်မအတွက် နည်းနည်းရောင်းပါရစေ"

mgyoe.com

ပြောပြန်၏။ ရီလေးကား ဒေါသဖြစ်နေသလောက် စိတ်ဆိုးရမှာ ရှက်စနိုးဖြစ်ပြီးလျှင် စာရေးအထင်မှားမှုကိုလည်း မဖြေရှင်းဘဲ မနေသာ အောင်ရှိနေရာမှ အနားက

"ဘာဖြစ်ဖြစ် တစ်ခုခုဝယ်ပါလေ၊ ခုလောက်ပြောနေမှ အားနာ စရာကြီး၊ ကဲကဲ... ယူလိုက်...."

ပိုင်ပိုင်နိုင်နိုင်ဝင်ပြောလိုက်ပြန်သော သန့်ဇင်၏စကားကို နားကြား ပြင်းကတ်သည်ထက် ကတ်လာကာ မိမိနှင့်သန့်ဇင် ဘာမျှမဆိုင်၊ တခြားစီ လာမှန်းသိလေအောင် ဇာဘော်လီတစ်ထည်၊ ရေမွှေးတစ်ပုလင်း၊ ပေါင်ဒါ တစ်ဘူး၊ ကရင်းတစ်ဘူး... စသည်ဖြင့် နီးရာမိန်းမ အသုံးအဆောင် များကို စာရေးလက်သို့ ထိုးပေးပြီး

"ဒါတွေ ထုပ်လိုက်ပါ" ဟု ဆို၍ မိမိသားရေအိတ်တွင်းမှ ပိုက်ဆံ ထုတ်ပေးရာ၊

"အို... နေလေ၊ ဒီက တစ်ခါတည်း အမ်းလိုက်တာပေါ့"

ဆိုကာ စာရေးလက်သို့ သွက်လက်စွာ ငွေထိုးပေးလိုက်သော သန့်ဇင်၏ လျင်မြန်မှုကြောင့် ရီလေးမှာ အငေးသား ကြောင်နေရပြန် သည်။

ထိုနောက် မျက်နှာလိုအားရများလှသော ကုန်ရောင်းစာရေးလည်း အထုပ်နှစ်ထုပ်ကို ဘောက်ချာတစ်စောင်တည်း ရေး၍ သန့်ဇင်၏ လက်သို့ အမ်းငွေနှင့်တကွ ရိုသေစွာ ပေးအပ်လာပြန်လျှင် သန့်ဇင်မှာ ပြုံးနိုင်သလောက် ရီလေးသည် ရှက်ကြောက်ဒေါပွဖြစ်ကာ၊

"အို... အထုပ်တစ်ခုက ဒီကဟာပဲ၊ ဒီကိုပေးမှပေါ့"

ဆိုလိုက်သည်တွင် အလိုက်သိလွန်းသည့် စာရေးကိုပြာရာက၊

"ဩော်... ဩော်... မသိလို့ပါခင်ဗျာ"

ဆိုကာ စက္ကူသေတ္တာ အထုပ်နှစ်ထုပ်အနက်မှ တစ်ထုပ်ကို ရီလေး

mgyoe.com

mgyoe.com


ဆီသို့ ကပျာကယာလှမ်းပေးလိုက်သည်တွင် ရီလေးသည် အထုပ်ကို ယူကာ သန့်ဇင်နှင့် တခြားစီဖြစ်အောင် ရှေ့မှအလျင်အမြန် ထွက်ခဲ့သည်။

သို့ရာတွင် ကုန်တိုက်လှေကားအလယ်ထစ်သို့ ခြေနင်းမိသည်နှင့် တစ်ပြိုင်နက်၊

"နေဦးလေ... နေဦး...၊ ဒီမှာငွေ"

ဆိုဆိုပြောပြောနှင့် ငါးကျပ်တန်စက္ကူကိုလှမ်းပေးရင်း... အနီးသို့ ရောက်ခဲ့သော သန့်ဇင်ကို တွေ့မြင်ရ၏။

"ဟင့်အင်း... နေပေစေ၊ ဒီက ဝယ်ထားတာ ၄ ကျပ် ၁၅ ပဲ၊ ဓာတ်ရထားခက တစ်ပဲ၊ ငါးကျပ်စေ့ရောပေါ့"

ခပ်ချဉ်ချဉ်မျက်နှာနှင့် ပြောပစ်ခဲ့ပြီး နီးရာမြင်းရထားတစ်စီးကို တက်စီးလျက် ဈေးချိုအလယ်ပေါက်သို့ ရှေ့ရှုထွက်ခဲ့သောအခါ သန့်ဇင်မှာ အုတ်လှေကားပေါ်တွင် ယောင်ချာချာကျန်ရစ်ပြီး ကုန်တိုက်အတွင်းမှ စာရေးကလည်း တစ်ချက်လှမ်းကြည့်ကာ...

"ဒီလင်မယားဟာ သွားရင်း လာရင်း ဘုကျနေတာပဲ"

တွေးမိနေရာမှ စိတ်ဒွိဟဖြစ်လာပြီး မိမိအထင်မှား၍ လောကွတ် များမိသည်ကို ရှက်ကြောက်အားနာကြီးဖြစ်၍ နေမိလေတော့သတည်း။

*

mgyoe.com

mgyoe.com

## အခန်း ၂

အချိန်ကား သီတင်းကျွတ်ပွဲတော်ကြီး နီးပြီဖြစ်၍ မန္တလေးရွှေမြို့တော်ကြီးတစ်ခုလုံးမှာ ပွဲလမ်းသဘင် ခြိမ့်ခြိမ့်အုန်းအုန်းနှင့် အလွန်ပျော်ရွှင်ကြည်လင်ဖွယ်ကောင်းတော့မည်ဖြစ်လေသည်။ ပျိုမျစ်နုနယ်ငယ်ရွယ်သူတို့မှာ အယုဇ်အလတ် ဆင်းရဲချမ်းသာမရွေး တတ်အားသမျှအဝတ်ကောင်းများဝတ်ကာ ဤမှ ထိုမှ ဘုရားပွဲ၊ ဆွမ်းတော်ကြီးကပ်ပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲများကို သွားလာကူးသန်းလျက် အိမ်တိုင်း အိမ်တိုင်းမှာလည်း ဆီမီးရောင်များ တထိန်ထိန်လင်းနေတော့မည်။ မြို့ပြလမ်းတိုင်းမှာလည်း တစ်အိမ်နှင့်တစ်အိမ် ကူးသန်း၍ မီးထွန်းပွဲလျှောက်ကြည့်သူများခြေချင်းလိမ်မျှ စည်ကားအုံ့ဆဲဆဲဖြစ်နေပြီး ကျောက်တော်ကြီး ဘုရားပွဲကိုလည်း အားခဲထားသူတွေ အများအပြားကြောင့် တစ်မြို့လုံး၌ ကြိုတင်လှုပ်ရှား၍နေတော့သတည်း။

နယူးစီဘီလိုင်းရပ်ရှိ သေသပ်ခံ့ညားသော အိမ်ကြီးတစ်ဆောင်မှာခြံတံခါးဝတွင် ဆွဲထားသော ဆိုင်းဘုတ်ကြေးပြားကို မြင်ရခြင်းအားဖြင့်အမျိုးသားဘဏ်မှ မန်နေဂျာလူကြီး ဦးထွန်းမောင်၏ အိမ်ကြီးဖြစ်ကြောင်းသိနိုင်သည်။ ဦးထွန်းမောင်မှာ သိက္ခာသမာဓိ တည်ကြည်စွာဖြင့် ရိုးသားကျစ်လျစ်သော လူကောင်းကြီးတစ်ဦးဟု အထူးကျော်ကြား

mgyoe.com

mgyoe.com


ထင်ရှားလျက် လက်အောက်ငယ်သားများအပေါ်တွင်လည်း ညှာတာ သနားတတ်သူတစ်ဦးဖြစ်ကြောင်း၊ ဦးထွန်းမောင်အား မည်သူမျှ မခင်မင်၊ မကြည်ညိုသူမရှိ၊ ယုတ်စွအဆုံးလမ်းပေါ်တွင် ပြေးလွှားကစားနေသော ကလေးသူငယ်များသည်ပင် မိမိတို့အား ယုယကြင်နာစွာ မကြာခဏ မုန့်ဖိုးပေးနေကျဖြစ်သော ဦးထွန်းမောင်အား ဘဘကြီး၊ ဘဘကြီးနှင့် အခင်ကြီးခင်မင်လျက် ရှိကြသည်။

ထိုထက်ပင် အများတကာ၏ ကြည်ညိုလေးစားဖွယ်ရာဖြစ်သော ဦးထွန်းမောင်၏ အကြောင်းတစ်ခုမှာ ဦးထွန်းမောင်သည် မိမိ၏ဇနီး သေဆုံးပြီးနောက် ချစ်စွာသော သားကလေးနှင့် သမီးကလေးတစ်ယောက် အား မှန်ကဲ့သို့ အရိပ်ကြည့်ကာ မိခင်နှင့်မခြား ကျွေးမွေးစောင့်ရှောက် လျက် နောက်အိမ်ထောင်မပြုဘဲ နေခဲ့ခြင်းပင် ဖြစ်သည်။ ထိုနေ့အဖို့မှာ နေ့အားဖြစ်သည့်အားလျော်စွာ အပျိုဖြန်းအရွယ် သမီးငယ်ကလေး အနွဲ့ လာပေးသော လက်ဖက်ရည်နှင့် မုန့်များကို စားသောက်နေရင်းမှ

"ငါ့သမီးကော ဈေးမသွားဘူးလား"

"ကိုကိုက သူပြန်လာမှသွားတဲ့ ဖေဖေရဲ့။ သူအခု ပြန်လာလုပါပြီ။ ဖေဖေ့သားကြီးက သီတင်းကျွတ်ပွဲတော်အတွက် မင်းတို့ မောင်နှမသုံးဖို့ ဆိုပြီး ဖေဖေ မနက်တုန်းက ငွေငါးဆယ်စီလည်းပေးလိုက်ရော ကိုကို လည်း ရေမိုးချိုးပြီး ထွက်တာပဲ"

"ဩော်... ဒါဖြင့် သားကြီးက သမီးလေးထက် အရင်ဦးအောင် ထွက်တာပေါ့"

"ဟုတ်တယ် ဖေဖေ၊ ကိုကို အနွဲ့လည်း ဈေးသွားမယ်ဆိုတော့ ကိုကို ၁၂ နာရီမထိုးခင်ပြန်ခဲ့မယ်၊ ညီမလေး ဖေဖေ့အနားမှာ နေရစ်ပါလို့ မှာသွားတယ် ဖေဖေရဲ့"

ဦးထွန်းမောင်က မိမိ၏ သားသမီးများကို ချစ်သလို သားသမီးများ

mgyoe.com

mgyoe.com


ကလည်း မိမိအပေါ် ချစ်ခင်ကြင်နာစွာ ရှိရှာသည်ကို တမြုံ့မြုံ့ တွေး၍ ကျေနပ်ကာ

"ငါ့သမီး ဈေးသွားရင် အဖော်ခေါ်သွားနော်"

"ဟုတ်ကဲ့ဖေဖေ၊ အရှေ့ဘက်အိမ်က ရင်ရင်တို့ ညီအစ်မနဲ့ သွားမယ်လို့ ပြောသွားပါတယ်။ ဒါထက် ဖေဖေရယ်၊ ရင်ရင်တို့ သနားပါတယ်။ သူတို့ဖေဖေက လခနည်းနည်းလေးရလို့ အခု သီတင်းကျွတ်ပွဲတော်မှာ အဝတ်အစား ဝယ်မပေးနိုင်ရှာဘူးတဲ့ ဖေဖေရဲ့။ အန္တဲ့ကို ဖေဖေက ငွေပေးတယ်ဆိုတော့ သူတို့ပိုပြီး ဝမ်းနည်းသွားတာပဲ"

"သြော်... သနားပါတယ် သမီးရယ်၊ ဈေးသွားခါနီးတော့ သူတို့ ညီအစ်မ ဖေဖေ့ဆီခေါ်ခဲ့ပါ။ ဈေးသုံးဖို့ ပေးလိုက်မယ်"

"အို... ဒီလိုဆို ရင်ရင်တို့ သိပ်ဝမ်းသာရှာမှာပဲ။ လုံချည်အင်္ကျီ အသစ်တွေ ဝယ်ရအောင် များများပေးလိုက်ပါနော်"

"အေးပါ သမီးရယ်၊ ခမျာများလည်း ငါ့သမီးနဲ့ အဖော်ရရှာတာပဲ။ ဝယ်လောက်အောင်ပေးတာပေါ့"

အန္တဲ့သည် မိမိ၏ဖခင်ကြီးသဘောကောင်းမှု၊ သားသမီးချင်း စာနာမှုများကို ကျေနပ်လျက် ရင်ရင်တို့အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။ ထိုခဏ၌ လှေကားဆီမှ ခြေသံကြား၍ ကြည့်လိုက်သောအခါ အထုပ်တစ်ခု ချိုင်းညှပ်၍ဝင်လာသော မောင်သန့်ဇင်ကို တွေ့ရ၍

"ဟော... ကိုကိုပြန်လာပြီ ဖေဖေ"

"သြော်... ငါ့သားက အရင်ဦးသွားသကိုး။ ပြစမ်းပါဦးကွာ၊ ဘာတွေများ ဝယ်ခဲ့သလဲ"

ဦးထွန်းမောင်က ချစ်စနိုးဟန်ဖြင့် ခေါ်လိုက်သည်။ သန့်ဇင်သည် ဖခင်ကြီးအနီးသို့ ရောက်လာသည်။

mgyoe.com

mgyoe.com


"ကျွန်တော် ဖေဖေသုံးဖို့ပေးတဲ့ငွေကို အကျိုးမရှိ အဖတ်မတင်တဲ့ နေရာမှာမသုံးဘူး ဖေဖေရဲ့။ ကျွန်တော်လည်း ကာယဗလနဲ့ ယောကျ်ား ပီသအောင် ပျောက်ပျက်တဲ့ပစ္စည်းလည်းမဟုတ်တဲ့ အားစမ်းတဲ့ စပရင် တစ်ခုဝယ်လာတယ် ဖေ ဖေရဲ့"

"အေး... တော်သကွယ့်၊ ဒါမှငါ့သား။ ပြစမ်းပါဦး၊ ဘယ်လို အမျိုး အစားထဲကလဲ"

"အကောင်းစားပဲ ဖေဖေရဲ့"

ဆိုဆိုပြောပြော စည်းထားသောကြိုးနှင့် အပေါ်စက္ကူကို ဖြေလျက် အတွင်းမှ စက္ကူသေတ္တာကို ဖခင်ကြီးရှေ့သို့ ထိုးပေးလိုက်သည်။ ဦးထွန်းမောင်သည် သေတ္တာတွင်းသို့နှိုက်ယူလိုက်ရာ အားစမ်းသော စပရင်ကားပါမလား။ ဇာဘော်လီ၊ အလှရည်၊ ပေါင်ဒါဘူးများသာပါ လာသည်။

"ဟင်"

ဦးထွန်းမောင်သည် အံ့သြခြင်းဖြင့် ပါလာသော ဇာဘော်လီကို ဖြန့်ကြည့်နေမိသည်။ သန့်ဇင်လည်း

"ဟင်...."

ဆိုမိပြန်၏။ ရီလေးနှင့် အထုပ်ချင်းမှားလာသည်ကို တွေးမိ၍ ဖခင်ကြီးအတွေးနက်တော့မည်ကို ရှက်ကြောက်ခြင်းဖြင့် ခေါင်းငုံ့နေ မိသည်။ အနီးရှိအန္တီ့မူကား ငယ်ရွယ်သူဖြစ်သည့်အားလျော်စွာ ကျိတ်၍ ရယ်နေသည်။ ဦးထွန်းမောင်ပင်လျှင် ဣန္ဒြေမဆောင်နိုင်တော့ဘဲ ပြုံး ယောင်ယောင်ပြုကာ၊

"ဟဲ့... ငါ့သားရဲ့၊ အားစမ်းတဲ့ စပရင်က ဘယ့်နှယ်ကြောင့် ဇာဘော် လီနဲ့ ပေါင်ဒါဘူးတွေ ဖြစ်လာရသလဲ။ မင်းတို့လူငယ်တွေဟာ တယ်လည်း ရှုပ်ရှုပ်ပွေပွေနိုင်ကြပါကလား၊ ဟား ဟား"

mgyoe.com

ဆိုကာ ပစ္စည်းနှင့်အတူ စက္ကူသေတ္တာကို ပြန်ပေးသောအခါ သန့်ဇင်လည်း ပူထူရှက်အမ်းသော မျက်နှာကြီးနှင့် လှမ်းယူလိုက်ပြီးလျှင်

"မရှုပ်ပါဘူး ဖေဖေ၊ ဆိုင်မှာ ဝယ်သူတွေများနေတုန်းမို့ အရောင်းစာရေးက အထုပ်ချင်းမှားပေးမိတာဖြစ်မှာပဲ။ ဒီစာရေးတော့ နက်ဖြန်မှ သိကြရောပေါ့"

အရှက်ပြေပြောကာ မိမိအခန်းသို့ လျှောက်ခဲ့သည်။ ဤတွင်လည်း သန့်ဇင်မှာ မိမိနှင့် မိန်းမပျိုကို ဘုကျသည်ထက် ကျရန်ဖန်တီးလိုက်သည့် ဇာတ်လမ်းကို အခန်းထဲတွင် ကျိတ်၍ရယ်မောနေမိတော့သည်။

*

mgyoe.com

mgyoe.com

# အခန်း ၃

ရိလေးမှာ မိခင်မရှိရှာ၊ မိထွေးနှင့်နေရသူကလေး ဖြစ်၏။ ဖခင်ကြီးမှာ ဥစ္စာပစ္စည်းခိုင်လုံသည့်လွှစက်ပိုင်သူဌေးတစ်ယောက်ဖြစ်သော်လည်း လွှစက်ပိုင် ဦးရွှေဘော်မှာ လွန်ခဲ့သည့်လေးငါးနှစ်ခန့်ကစပြီး လေငန်းရောဂါကြောင့် ခြေတစ်ဖက် သေနေရှာသဖြင့် လမ်းသွားလျှင် ချိုင်းထောက်ကာ သွားရရှာသည်။ သမီးကလေးကို များစွာချစ်ခင်အရေးပေးသလောက် နောက်မယား ဒေါ်မိကိုလည်း အရေးတယူ ချစ်ကြည်ဖြူသောလူအေးသဘောကောင်းကြီး ဖြစ်သည်။

ဒေါ်မိမှာ ရိလေးကိုမိထွေးပီပီ စီး၍ရလျှင် စီးထားချင်သော်လည်း ဦးရွှေဘော်၏တရားသဖြင့် မျှမျှတတ အရေးယူထားခြင်းတို့ကြောင့် မိထွေးညာဉ်ကို အမြစ်မပြတ်၊ မျိုးစေ့မတိမ်ရုံနှလုံးအိမ်ထဲတွင် သိုသိပ်သိမ်းဆည်းထားရစေကာမူ အပြင်ပန်းမှာမူကား ရိလေးကို သမီးအရင်းကလေးနှင့်မခြား ကောင်းစေချင်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့နှင့် ပျာပျာသလဲ ဖြစ်နေတတ်သည်။

ထိုနေ့အဖို့မှာ ဦးရွှေဘော်သည် သမီးလေးအား သီတင်းကျွတ်ပွဲတော်အတွက် အများနည်းတူ ဈေးသုံးမုန့်ဖိုးများထုတ်ပေးသဖြင့် ရိလေးမှာ ဈေးသို့လာခဲ့ခြင်း ဖြစ်သည်။ အခါတိုင်း ရိလေးဈေးသွားလျှင်

mgyoe.com

မိထွေးတော်ဒေါ်မိ အမြဲမကွာ နောက်တော်ကပါမြဲဖြစ်သော်လည်း ယနေ့ အဖို့မှာ ဒေါ်မိသည်မိမိနှင့် ဆွေရိပ်မကင်း၊ မျိုးရိပ်မကင်းတော်သည့် ရှမ်းပွဲစားလက်ဖက်ပွဲစားကြီး ဦးခ၏သား မောင်မြဟန်ထံသို့ ရီလေးနှင့် ဆက်သွယ်ပေးရန် အတွင်းကျိတ်အကြံနှင့် ဒလန်လုပ်ရန် ထွက်သွားနှင့် သောကြောင့် ရီလေးတစ်ဦးတည်းသာ ဈေးသို့လာခဲ့ခြင်း ဖြစ်သည်။

ဦးရွှေဘော်သည် တိုက်ပြတင်းပေါက်ရှိ ပက်လက်ကုလားထိုင် ကြီးတစ်လုံးတွင်ထိုင်ကာ သမီးနှင့်ဇနီးကို မျှော်နေရှာသည်။ ထိုခဏမှာပင် ရီလေးပြန်ရောက်လာသည်။

"ဟင်... ဖေဖေ၊ ဒေါ်မိ ပြန်မလာသေးဘူးလား"

"မလာသေးပါဘူး သမီးရယ်။ ဒါနဲ့ ငါ့သမီးဘာဝယ်လာခဲ့သလဲ"

"ပိုက်ဆံကရှားလို့ အရမ်းမဖြုန်းချင်တာနဲ့ သိပ်မဝယ်ခဲ့တော့ပါဘူး ဖေဖေရယ်။ အင်္ကျီကလေးတစ်ထည်နဲ့ ရေမွှေးဘူး၊ ပေါင်ဒါဘူးပဲ ဝယ်ခဲ့တယ်။ ဒီမှာ ဖေဖေရဲ့"

ဆိုကာ အထုပ်ကိုပြ၍ ဦးရွှေဘော်လည်း အပျင်းပြေကြည့်ရှုသည့် သဘောနှင့် အထုပ်ကိုဖြေ၍ကြည့်လိုက်ရာ ပေါင်ဒါဘူးနှင့် အင်္ကျီများကို မတွေ့ရ၊ မြွေဟောက်ပမာအခွေလိပ်မှ ဆန့်လာသော အားစမ်းသည့် စပရင်ကြီးဖြစ်သည်ကို တွေ့ရသည်။

"ဟား... ဟား... ဟား... ဘယ်မလဲကွယ့် သမီးရဲ့အင်္ကျီ...၊ ဒီမှာ စပရင်ကြီးပါကလား။ ဟား ဟား... ဘယ်သူနဲ့ အထုပ်ချင်း မှားလာပါလိမ့်"

အားရပါးရပြောပြီး အထုပ်ထဲမှစပရင်ကြီးကို နှိုက်ယူမြှောက် ပြနေသောကြောင့် ရီလေးမှာ ရုတ်တရက်ရှက်သွားမိရာမှ ဖခင်ကြီးနှင့် အတူ ရောနှောရယ်မောလိုက်ရပြီး၊ အမှားမှားအယွင်းယွင်းဖြစ်လာသော ပစ္စည်းကို အခြားလူတွေမမြင်မီ သိမ်းဆည်းထားလိုက်မှ ဖြစ်မည်ဟု စိတ်ကူးပေါ်ကာ၊

mgyoe.com

mgyoe.com

"အို… ဟုတ်ပါရဲ့၊ ဘယ်ကအထုပ်နဲ့ ဘယ်လိုမှားလာပါလိမ့်။ နက်ဖြန်မှ ပြန်လဲရတော့မှာပဲ"

ဆိုကာ မူလစက္ကူသေတ္တာထဲသို့ ပြန်ထည့်ဖုံးဖိထားလိုက်ရ၏။ သို့နှင့်လည်း မကြာခဏဘုကျကျ တွေ့ရသော ဖိုးသန့်ဇင်အားသာလျှင် မစူးမရဲမကျေမနပ်ကြီး ဖြစ်နေမိ၏။ သို့ရာတွင် အနီးရှိ မိမိ၏ဖခင်ကြီး မရိပ်မိစေရန် ဒေါမနဿစေတသိက်များကို သောမနဿစေတသိက်တို့နှင့် ချေကြိတ်နှိပ်နင်းလျက် ပြုံးချိုသောမျက်နှာနှင့် ဖခင်ကြီးအနီးတိုးကာ

"ဒါနဲ့ ဖေဖေဟောလ်လစ်သောက်ပြီးပလား၊ မသောက်ရသေးရင် ရီလေးက ဖျော်လိုက်မယ်"

စကားပြောင်းလိုက်၏။

"မယ်မိလည်း ပြန်မရောက်သေးတာနဲ့ ခုနကပဲ ဖျော်ခိုင်းပြီး သောက်လိုက်ပြီ သမီးရဲ့"

"ဒေါ်ဒေါ်မိက ဘယ်သွားတာလဲ ဖေဖေရဲ့။ အစောကြီးသွားတာ ခုတောင် မလာသေးဘူး"

"မဟာမြတ်မုနိဘုရားကြီးကို ဖေဖေ့အတွက် ဆီမီးသက်စေ့ပူဇော်ရအောင် သွားတယ်သမီးရဲ့။ ဒါပေမဲ့ အပြန်လမ်းကြုံလို့ ရှမ်းပွဲက မောင်မြဟန်တို့ တိုက်ကိုဝင်နေတယ်ထင်ပါရဲ့"

"ဟုတ်မှာပဲ ဖေဖေ။ ဒေါ်ဒေါ်မိဟာ ကိုမြဟန်တို့တိုက်ကို ဝင်မိရင် တော်တော်နဲ့မပြန်ဘူး။ မကြာမကြာသွားလိုက်ရတာ ရေထွက်တော့မယ်"

"မြဟန်နဲ့လည်း နည်းနည်းအမျိုးတော်နေ၊ သူ့ခမြာလည်း အဖေမရှိကတည်းက ဒီအလုပ်ကြီးနဲ့ လူပျိုလူရွယ်တစ်ယောက်တည်း နေရတော့ လူပေါင်းမှားပြီး ပျက်စီးသွားမှာစိုးလို့ ခဏခဏသွားကြည့်ရသတဲ့သမီးရဲ့"

mgyoe.com

mgyoe.com


"ယောက်ျားကလေးပဲ ဖေဖေရယ်၊ ဒါလောက် ပူစရာမရှိပါဘူး"

"ယောက်ျားလေးပေတဲ့ အတဲ့လူ၊ ရိုးတဲ့လူဆိုတာ အပေါင်းအသင်းမှားမိရင် ပြီးပါရော"

"အို... ဖေဖေကလည်း ကိုမြဟန်ကိုများ အရိုးအအကလေး ထင်နေသလား၊ သူ့မျက်နှာကို သေသေချာချာကြည့်မိရဲ့လား ဖေဖေရဲ့၊ တစ်ချက်တစ်ချက် အကြောဆွဲဆွဲပြီး မျက်စိလေး ယေကလတ် ယေကလတ် ဖြစ်သွားတာ"

"ဒါက ငယ်ငယ်က သူငယ်နာအကြောဆွဲတာ ထင်ပါရဲ့... သမီးရယ်"

"အို ဖေဖေကလည်းနော်၊ ပြောရတော့ မကောင်းဘူး၊ ဒါလောက်မှ မရိပ်မိဘူးလား"

"မယ်မိကတော့ သူ့တူတော်မောင် တယ်သဘောကောင်းတယ်၊ ရိုးတယ်လို့ အမြဲပြောတယ်။ ခုတော့ လူကြီးမိဘလည်းမရှိ၊ ဒီအလုပ်အကိုင်ကြီးနဲ့ ဒီပစ္စည်းတွေနဲ့ သူတစ်ယောက်တည်း ဦးစီးနေရရှာတယ်ဆိုတော့ တော်လို့လည်း ဦးစီးနေနိုင်တာ ထင်ပါရဲ့၊ သမီးရယ်"

"အမယ် ဖေဖေကလည်း ဒေါ်ဒေါ်မိ အဆွယ်ကောင်းတာနဲ့ ကိုမြဟန်ကို အတော်အထင်ကြီးနေပြီထင်တယ်"

"ဟဲ... ဟဲ... ဖေဖေကတော့ ဘာရယ်လို့ မဟုတ်ပါဘူး... သမီးရယ်၊ အလိုက်အထိုက်ပေါ့။ သမီးကလည်း လူကြီးလူကောင်း သားသမီး ပီပီ သူတို့လာလည်တဲ့အခါ အလိုက်အထိုက်ကြည့်နေပေါ့ကွယ်၊ ဘာမှ ကိုယ်ဆိုးမဖြစ်ပါစေနဲ့"

"ဟုတ်ကဲ့။ ဟော... ပြောရင်းဆိုရင်း ဒေါ်ဒေါ်မိ ပြန်လာပြီ၊ ကိုမြဟန်ကားနဲ့ လိုက်ပို့တယ်"

ထိုခဏတွင် ဒေါ်မိနှင့် မောင်မြဟန်တို့ ဦးရွှေဘော်အနီးသို့

mgyoe.com

mgyoe.com

ရောက်လာကြသည်။ မောင်မြဟန်ကား လောကွတ်တွေ အဝေသားနှင့် "ဦး... ဒီနေ့ နေထိုင်ကောင်းပါရဲ့လား ခင်ဗျား။ ဒေါ်ဒေါ်မိကို ပို့ရင်းနဲ့ အဆင်သင့်ပါပဲ၊ ရန်ကုန်က သစ်သီးတွေရောက်လာလို့ ဦးသုံးဆောင်ရအောင် ယူလာခဲ့ပါတယ်...။ ဟောဒီပန်းကလေးတွေကတော့ မရီလေးပန်ဖို့"

စကားမဆုံးမီ ရီလေးရှိရာသို့ လှမ်းကြည့်ကာ အရောဝင်လိုသည့် မျက်နှာနှင့် "ရီလေးရေ၊ ဟောဒီမှာ ကိုကိုတမင်မှာလိုက်တဲ့ ကတ္တီပါပန်းတွေ သီတင်းကျွတ်ပွဲတော်အမီရောက်လာတယ်။ လာကြည့်ပါဦး"

လှမ်းခေါ်လိုက်၏။ ရီလေးသည် ဒီယုံမြင်၍ ဒီခြုံထွင်နေကြသော ဒေါ်မိနှင့်မြဟန်တို့၏အကြံကို ရိပ်မိနေသည့်အားလျော်စွာ "မလိုချင်ပါဘူး" ဟု တူးတူးခါးခါး ပြောလိုက်ချင်ပါသော်လည်း ဖခင်ကြီးမျက်နှာထောက်ထား၍ မိသားဖသား မပီသော အသုံးအနှုန်းအပြုအမူများကို မပြုလိုတော့ဘဲ "ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်" ဟုဆိုကာ မြဟန်ပေးသော ကတ္တီပါပန်းကလေးများကို လက်ခံထားလိုက်ရပြီးလျှင် မြဟန်မပြန်မချင်းလည်း ဖခင်နှင့်မိထွေးတို့အလိုသို့လိုက်ကာ ဧည့်ဝတ်ကျေသော အိမ်ရှင်အဖြစ်နှင့် အောင့်အောင့်အင်းအင်း စကားဝိုင်းဖွဲ့ကာ ရောနှောဧည့်ခံနေရသည်။

"ဘယ်နဲ့တုံး ဦးရွှေဘော်ရဲ့၊ ကျွန်မကတော့ ရီလေးကို ကိုယ်က မွေးထုတ်ရသလို သဘောထားပြီး ပြောတာပါ။ မြဟန်လို ဥစ္စာပေါ၊ ရုပ်ချော၊ အလုပ်ကြီးအကိုင်ကြီးနဲ့ စီးပွားဖြစ်နေတဲ့ လူပျိုချောကလေး တစ်ယောက် သူ့တစ်စိမ်းလက်ကို မရောက်စေချင်ဘူးရှင့်၊ ဖိတ်ချင်းဖိတ်ရင် ကိုယ့်အိတ်ထဲသာ ဖိတ်ချင်တာပဲ သူ့ခမျာကလည်း ရီလေးအပေါ် အင်မတန်မေတ္တာထားနေရှာတယ်။ ကျွန်မကိုတော့ ဆွေမျိုး နည်းနည်း တော်ထားတဲ့အတွက် မရှက်မကြောက်ဆိုသလို တွေ့တိုင်း တွေ့တိုင်း

mgyoe.com

mgyoe.com


နားပူနေတယ်...။ ဒီတော့ ကျွန်မတို့ကလည်း လသာခိုက် ဗိုင်းငင်လိုက်ရင် မတော်ပေဘူးလား ကိုရွှေဆော်ရဲ့။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ရှင့်ကို နားသွင်းရတာလည်း များလှပြီ" ဟု အိပ်ရာထဲတွင် အချွဲအပဟဲနှင့် ဒေါ်မိက ဆွယ်တိုင်းပင်

"သြော်... သားရေးသမီးရေးကိစ္စဟာ မမိ သဘောအတိုင်းပါပဲလို့ ပြောဖူးပြီကော၊ ကျုပ်ကလည်း မမိကို ယုံကြည်ပါတယ်။ မောင်မြဟန်လည်း တော်တဲ့သူငယ်လေးပါပဲ။ သမီးကလေးကျေနပ်မယ်ဆိုရင် နေ့ညမဆိုင်း ပေးစားလိုက်တာပေါ့ကွယ့်"

"ကိုယ်မွေးထားတဲ့ သားသမီးပဲရှင်။ မိဘက ကောင်းစေချင်လို့ စီမံရင် ခံရမှာပေါ့"

"ဒါလည်း ဟုတ်ပါရဲ့။ နို့ပေတဲ့ ကျုပ်တို့က စီမံရုံသာ စီမံရမှာ၊ တစ်သက်လုံး သင့်တင့်မျှမျှ ချစ်ချစ်ခင်ခင်ရှိကြဖို့က သူတို့ရဲ့တာဝန်ကွဲ့။ သူတို့ချင်းလည်း မေတ္တာရှိကြမယ်။ ကျုပ်တို့ကလည်း စိစဉ်ပြီး နေရာချထားလိုက်ကြမယ်ဆိုရင် အတိုင်းထက်အလွန် တံခွန်နဲ့ ဘုရားပေါ့ကွယ်"

"သူက မယူချင်ပါဘူး ငြင်းမယ်တဲ့၊ ဒီတော့ မြဟန်လိုလူကောင်း တစ်ယောက်ကို လက်လွှတ်ခံရမလား ကိုရွှေဘော်"

"ဒါတော့ သမီးလေးကလည်း ဒါလောက်မမိုက်ပါဘူးကွယ်...။ လူကြီးတွေက တော်တယ်ဆိုရင် ချက်ချင်းမေတ္တာမရှိဘူးထားဦး၊ တဖြည်းဖြည်းတော့ လူချင်းနီးစပ်ချင်ခင်သွားစရာ ရှိပါတယ်။ မောင်မြဟန်လည်း ဆွေမျိုးသားချင်းလို ဝင်ထွက်သွားလာပေစေပေါ့"

အထက်ပါ လင်မယားနှစ်ယောက် နှစ်ကိုယ်ကြား နှစ်နားတိုင်ပင်သော စကားများကို ရီလေးအလုံးစုံ ကြားရပြီးဖြစ်၏။

"အင်း... သူ့နန့်ကြောဆွဲကောင်ကို ဆွယ်လိုက်ရတာ၊ တယ်ယူလိုက်ရ ဟင်း"

mgyoe.com

mgyoe.com


တစ်ကိုယ်တည်း ကျိတ်ကာ ကြိမ်းဝါးထားသည့်အတိုင်း... မကြာမီ နေ့ရက်အတွင်းမှာပင် ဦးရွှေဘော်နှင့် ဒေါ်မိကိုယ်တိုင် မျက်နှာစုံညီ သမီးကို နားချကြသောအခါ ရီလေးမှာအလိမ္မာသဘောနှင့် မိဘများစီစဉ်သည်ကို လိုက်နာနားထောင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် မိမိမှာ အသက်အရွယ်လည်း များစွာမကြီးသေး၍ ကျောင်းထွက်ပြီးလျှင် မိဘများနှင့် ပျော်ပျော်ပါးပါးနေလိုသေးကြောင်း၊ အိမ်ထောင်ရေး ဒုက္ခဝန်များကို နောင်အသက်ထက်ဆုံး ထမ်းဆောင်သွားရမည်ဖြစ်သဖြင့် မိဘများနှင့် အေးချမ်းပျော်ရွှင်စွာ နေရခိုက်တွင် အားရအောင် နေလိုက်ချင်ပါသေးကြောင်းနှင့် ခွင့်တောင်းသောကြောင့် ရီလေး၏စကားမှာ မိဘ၏ အစီအစဉ်ကို ငြင်းဆန်ခြင်းမဟုတ်၊ တရားသဖြင့် ခွင့်တောင်းခြင်းဖြစ်သောကြောင့် ဦးရွှေဘော်မှာ ကျေနပ်စွာ ခွင့်ပြုလိုက်ရသည်။ သို့ရာတွင် မြဟန်၏ အတွင်းကျိတ်ဒလန်သဖွယ်ဖြစ်နေသော ဒေါ်မိမှာ အလိမ္မာစကားနှင့် တစ်ထစ်ကျော်အကြံပိုင်သွားသော ရီလေးအား မခံချိမခံသာရှိစေကာမူ မျက်နှာလေးအပြုံးမပျက်ဘဲ ချော့လဲ့ရောထိုင် လိုက်ရသည်။

သို့သော် မြဟန်နှင့်ရီလေး တဖြည်းဖြည်းနီးစပ်ရန်ကား... အတွင်းကျိတ် ကြံစည်အားကို မလျှော့သူဖြစ်သည့်အတိုင်း အကြောင်းရှာ၍ မြဟန်ကို အိမ်သို့ မကြာမကြာ ဝင်ထွက်သွားလာနေစေတော့၏။

*

mgyoe.com

mgyoe.com

# အခန်း ၄

သန့်ဇင်သည် ရီလေးအား ရန်ကင်းတောင်တွင် တစ်ကြိမ်၊ ဓာတ်ရထားပေါ်တွင် တစ်ကြိမ် တွေ့မြင်ရပြီး တွေ့ရသောနှစ်ကြိမ်စလုံးမှာလည်း တစ်ယောက်နှင့်တစ်ယောက် ဘောက်ကျကျဖြစ်ခဲ့ရသည့် အကြောင်းများကို စဉ်းစားမိတိုင်း ပြုံးမိ၏။ လှပကြော့ရှင်းသော ရီလေး၏မျက်နှာကလေးမှာ မိမိ၏မျက်စိသူငယ်အိမ်ရှေ့တွင် အရုပ်ကားထောင်ထားသကဲ့သို့ ပြတ်သားစွာ ထင်မြင်လျက် ရှိနေတော့၏။ ဤသို့ထင်၍ မြင်၍နေရာမှ စွဲလမ်းတမ်းတချစ်ခင်ခြင်း ပြင်းပြ၍လာသည်။

ယင်းသို့ စွဲလမ်းချစ်ခင်လျက် မေတ္တာရေစင်သွန်း၍ တစ်ကိုယ်တည်း လွမ်းနေရသော်လည်း အမည်ကလေးမျှ မသိရ၊ ဘယ်အရပ်၊ ဘယ်ဌာနမှ ဘယ်သူ၏သားသမီးမှန်းလည်း မသိနှင့်နေ့ရှိသရွေ့ ရော်ကာရမ်းလျက် သွားရင်းဟန်လွှဲဆိုသလို ကျောင်းပြန်ကျောင်းသွား မျက်စိကိုအလကား မထားဘဲ စုံစမ်းရှာဖွေနေမိသည်။

ထိုနေ့အဖို့လည်း ညနေအေး ဥပစာကောလိပ်မှ ကျောင်းဆင်း၍ စက်ဘီးကို တဖြည်းဖြည်းနင်းလာရင်း မင်္ဂလာဈေးလမ်းကြီးအတိုင်း ပြန်လာခဲ့ရာ၊ ပုဏ္ဏားကုန်း အလွန်လောက်တွင် နောက်က လူထိန်းမပါဘဲ

mgyoe.com

mgyoe.com

ကတိမ်းကပါး ချော်ထွက်လာသော လက်တွန်းဘီးတပ်လှည်း၊ ကုလား ထိုင်နှင့်တကွ ကုလားထိုင်ပေါ်တွင် ခြေမစွမ်းသူအဘိုးကြီးတစ်ဦးပါလာ သည်ကိုတွေ့ရလျက် ဘီးတပ်ကုလားထိုင်မှာ မြေနိမ့်ရာသို့ တစ်ရှိန်ထိုး လိမ့်လာပြီးရှေ့မှ တစ်စုံတစ်ယောက်ကသာ ဆီးတားခြင်းမပြုပါက ကုန်းတံတားကလေးအောက် ရေနီမြောင်းထဲသို့ ဦးစောက်ကျွမ်းပြန် ကျတော့မည်ဖြစ်ရာ သန့်ဇင်သည် တိုတောင်းသော စက္ကန့်ပိုင်းအတွင်း မှာပင် စက်ဘီးပေါ်မှ လျှင်မြန်စွာ ခုန်ဆင်းပြီး လိမ့်လာသော လက်တွန်း လှည်းကလေးကို သန်စွမ်းသောလက်နှစ်ဖက်နှင့် ဆီး၍ ဖမ်းထားလိုက် သည်။

လှည်းပေါ်တွင်ပါလာသော ခြေတစ်ဖက်မသန်စွမ်းရှာသည့် ဦးရွှေဘော်ကား အထိတ်တလန့် မျက်ကလဲဆန်ပျာဖြစ်နေရာမှ လျှင်မြန် ဖျတ်လတ်စွာ ဆီးကြိုကယ်ဆယ်လိုက်သော လူရည်သန့်ကလေး သန့်ဇင် ကို ကျေးဇူးတင်စွာနှင့် ကြည့်ကာ

"အမယ်လေး၊ မောင့်အသက်သာ ရှိပါတော့တယ် ငါ့တူကြီးရယ်၊ မောင်သာ ဆီးပြီးမကယ်ဘူးဆိုရင် ဦးကြီးတော့ မစွမ်းမသန်နဲ့မို့ မဟန် နိုင်တော့ဘဲ ဟောဒီရှေ့က ချောက်ထဲကျပြီးအသေပါပဲကွယ်" ဟု တုန်ရီ ဟိုက်မော မောချွေးတွေ ပြန်ရင်းပြောရှာသည်။

"ဦး ဘယ်လိုဖြစ်တာလဲ၊ လှည်းတွန်းတဲ့လူကော ဘယ်မှာကျန်ခဲ့ သလဲ"

"အေး... ဒီကောင်ကလေးလည်း သေမလား၊ ရှင်မလားမပြော တတ်ပါဘူး မောင်ရယ်၊ ဟောဟိုနားမှာ ကားတိုက်လို့ လဲပြီး ကျန်ရစ် တယ်။ တိုက်သွားတဲ့ကားသမားလည်း အနီးနားမှာ မျက်မြင်သက်သေ မရှိဘူးဆိုပြီး အတင်းမောင်းပြေးတယ်"

"ဩော်... ဖြစ်မှဖြစ်ရလေ ဦးရယ်"

mgyoe.com

mgyoe.com


"ဒီနေ့မှ ဦးကလည်း ကြမ္မာငင်ပြီး ထွက်လာမိတယ် မောင်ရယ်၊ အိုက်စပ်စပ်ရှိတာနဲ့ လေညင်းခံရအောင်ဆိုပြီး ထွက်ခဲ့တာပါ။ လမ်းသွားလမ်းလာကလည်း ရှင်းနေတာနဲ့ လှည်းကို လမ်းပေါ်တည့်တည့်က တွန်းခဲ့မိတယ်။ ဒါပေတဲ့ ဟိုဘက်လမ်းချိုးက ကားတစ်စီးထွက်လာတာနဲ့ လှည်းကို ဆားဖယ်အရှောင်လိုက်မှာ ဦးကလွတ်သွားပြီး နောက်က လှည်းတွန်းတဲ့ကောင်ကလေးကို ပွတ်ပြီး တိုက်သွားတာပဲ"

သန့်ဇင်သည် ဦးရွှေဘော်ကို လှည်းနှင့်အတူ တွန်းယူလာပြီး ကျောက်လမ်းပေါ်တွင် ခွေခွေကလေးလဲနေသော လူငယ်အား ပွေ့ထူစမ်းသပ်ကြည့်သည်။

လူငယ်မှာ သွေးထွက်သံယိုဒဏ်ရာအနာတရ အကြီးအကျယ်မရှိပေမင့် ကားအရှိန်နှင့် ကျောက်လမ်းပေါ်သို့ ကိုင်ရိုက်သလို ကျသွားသောကြောင့် မူးမေ့လဲနေရုံမျှနှင့် နားထင်နှင့်ပခုံးစွန်းတွင် ပွန်းပဲ့ ပေါက်ပြဲသော ဒဏ်ရာအနည်းငယ်ကိုသာ တွေ့ရ၏။

"သေပြီလား... မောင်ရင်"

"ကိစ္စမရှိပါဘူး မူးနေတာပါ။ ခုပဲ သတိရပါလိမ့်မယ်"

ထိုနောက် သန့်ဇင်သည် လူငယ်အား ချောင်းထဲမှ ရေအနည်းငယ်ယူ၍ ဆွတ်ဖျန်းကာ ပွေ့ထူပြုစုလိုက်သည်တွင် သတိရလာသည်။ ထိုအခိုက်မှာပင် ရပ်ကွက်ရှိ ပုဏ္ဏားအချို့ထွက်၍ ကူညီကြသောကြောင့် လူငယ်ကို မြင်းရထားတစ်စီးနှင့် ဆေးရုံသို့ပို့စေပြီး အဘိုးကြီးကို မိမိကိုယ်တိုင် အခြားမြင်းရထားတစ်စီးပေါ်သို့ တွဲတင်ကာ အိမ်တိုင်ရာရောက်လိုက်ပို့သည်။

ဦးရွှေဘော်၏အိမ်ကား မင်္ဂလာဈေး အနောက်ဘက်တန်းရှိ ခြံကြီးတစ်ခုအတွင်းတွင်ရှိရာ သန့်ဇင်သည် အိမ်ကြီးကို မြင်ရုံနှင့်ပင် ဦးရွှေဘော်၏အခြေအနေကို မှန်းဆမိ၏။ ဦးရွှေဘော်ကား... မောင် သန့်ဇင်အား

mgyoe.com

mgyoe.com


ကျေးဇူးတင်၍ မဆုံးနိုင်တော့ပြီ။ ကျေးဇူးတင်သလောကစ်လည်း ပါးစပ်မှ တဖျစ်တောက်တောက်ကျေးဇူးတင်ကြောင်း အထပ်ထပ် အခါခါ ပြောနေရှာသည်။

"မောင်ရယ်၊ ဦးတော့ မောင့်ကို ကျေးဇူးတင်လို့ မဆုံးနိုင်တော့ဘူး။ ဦး သမီးနဲ့မိန်းမများ ဒီအကြောင်းကိုသိရင် ဦးလိုပဲ မောင့်ကို သိပ်ပြီး ကျေးဇူးတင်ရှာကြလိမ့်မယ်။ ဒီနေ့မှ သူတို့သားအမိကလည်း ကျောက်ဆည်က အလှူတစ်ခုကိုသွားနေကြတယ် မောင်ရဲ့။ ဒါနဲ့ ဦးလည်း ပျင်းပျင်းရှိလို့ အပြင်ထွက်လာမိတယ်။ ကဲကဲ... ဖြည်းဖြည်းပေါ့မောင်...၊ အမောပြေ လင်မနစ်ကလေး သောက်လိုက်ပါဦးကွယ်'

ဆိုကာ ပျာယာခတ်နေကြသော အိမ်စေများအား မိမိကိုပြုစုဖို့ ထက် သန့်ဇင်ကို ဧည့်ခံကျွေးမွေးရန် အရေးတကြီးပင် စေခိုင်းနေတော့သည်။

"နေပါစေ ဦးရဲ့၊ ဦးသာ နေသာအောင်နေပါ။ ကျွန်တော့်အတွက် အရေးမကြီးပါဘူး"

"အင်း... ဦးလည်း နည်းနည်းတော့ ထိတ်ထိတ်သဲသဲ ဖြစ်သွားမိတယ် မောင်ချို၊ ငါ့ကိုလည်း ဗင်တိုတစ်ခွက်ထည့်ခဲ့ပါ။ တူကြီးဖို့လည်း သစ်သီးစုံတွေ အကုန်ထုတ်ခဲ့ဟေ့၊ ဒါနဲ့ ငါ့တူ ဦးတို့အိမ်ကို မကြာမကြာ လာလည်နော် နို့ မောင့်နာမည်"

"သန့်ဇင်ပါတဲ့ ခင်ဗျာ"

"မန္တလေးကပဲလား၊ ဘယ်သူ့သားလဲ မောင်ရဲ့"

"အမျိုးသားဘဏ် မန်နေဂျာဦးထွန်းမောင်ရဲ့သားပါ"

"ဩော် ကိုထွန်းမောင်သားကိုး၊ အင်း ကိုထွန်းမောင်နဲ့လည်း သိပါရဲ့။ အင်မတန် စိတ်ကောင်းနှလုံးကောင်းရှိရှာတယ်။ ရိုးသား ဖြောင့်မတ်လိုက်တာလည်း လွန်ပါရော၊ အင်း အင်း အဖကောင်းသား ပေကိုး။ ဒါထက် မောင်သန့်ဇင် အလုပ်နဲ့လား"

mgyoe.com

mgyoe.com

"ကျောင်းသားရှိပါသေးတယ် ခင်ဗျာ။ ဥပစာအထက်တန်းမှာ သင်နေပါတယ်"

"အင်း အင်း၊ ကောင်းပါလေ့၊ ကြီးပွားပါစေ မောင်ရယ် ကဲကဲ စားစမ်း၊ သောက်စမ်းပါဦး"

သို့နှင့် သန့်ဇင်သည် ဦးရွှေဘော်ဆန္ဒအတိုင်း လိုက်လျော၍ ကျွေးသောအစာများကို စားကာသောက်ကာနှင့် အတန်ကြာမှ

"ဒါနဲ့ ကျောင်းဆင်းချိန်ပြန်မရောက်လို့ အိမ်က စိတ်ပူနေပါလိမ့်မယ်၊ ကျွန်တော်ပြန်ပါဦးမယ်"

"အင်း... ပြန်ပေဦးတော့ မောင်။ ဩော် ဒါနဲ့ နက်ဖြန်တော့ ဆက်ဆက်လာလည်ပါဦးမောင်ရယ်။ မောင့်ဒေါ်ဒေါ်များနဲ့ တွေ့စေချင်လို့ပါ။ နက်ဖြန်ခါဆိုတော့ ကျောင်းလည်းပိတ်တဲ့နေ့ပဲ။ လာမယ် မဟုတ်လား မောင်ရဲ့"

"ဟုတ်ကဲ့၊ လာခဲ့ပါမယ်"

ဆိုကာ နှုတ်ဆက်ထွက်လာသောကြောင့် ဦးရွှေဘော်သည် အိမ်ပြတင်းအနီးရှိ ကုလားထိုင်ပေါ်မှနေ၍ ခြံပြင်သို့ထွက်သွားသည့် မွန်ရည်သားနားယောကျာ်းပီသသော မောင်သန့်ဇင်ကို မျက်စိတစ်ဆုံး ကြည့်မျှော်ကျန်ရစ်ခဲ့တော့သတည်း။

*

mgyoe.com

mgyoe.com

## အခန်း ၅

နောက်တစ်နေ့သန့်ဇင်သည် ကျောင်းအားသည်နှင့် ဦးရွှေဘော်မှာထားသည့်အတိုင်း သင့်တင့်သလောက် အဝတ်အစားလဲလှယ်ကာ မင်္ဂလာဈေးပိုင်းသို့ ထွက်ခဲ့သည်။ အိမ်ပေါ်သို့ရောက်လျှင်ပင် ဦးရွှေဘော်မှာ ချိုင်းထောက်တုတ်ကြီးတစ်ဖက်နှင့် ပျာနေအောင် ဆီးကြိုရှာသည်။

"ထိုင်ပါ မောင်၊ ထိုင်ပါ...၊ စောစောကတည်းက ဦးတို့မျှော်နေကြပါတယ်။ မောင့်ဒေါ်ဒေါ်တောင် စောင့်နေတာ၊ ခုလေးတင်ပဲ ကိစ္စတစ်ခုရှိတာနဲ့ အပြင်ခဏထွက်သွားတယ်"

"ကျွန်တော်လည်း လာမလို့ပါပဲ။ စာကြည့်စရာကလေး နည်းနည်းရှိနေလို့ပါ"

"ကဲကဲ ... ထိုင်ပါဦးမောင်၊ ဦး အိမ်ထဲခဏ ဝင်လိုက်ဦးမယ်"

ဆို၍ ချိုင်းထောက်ကြီးနှင့် အခန်းတွင်းသို့ ထော့ကျိုးထော့ကျိုးဝင်သွားသောကြောင့် သန့်ဇင်သည် ဧည့်ခံစားပွဲဝိုင်းကုလားထိုင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်နေရစ်ခဲ့သည်။

ဦးရွှေဘော်သည် ချိုင်းထောက်ကြီးနှင့်ပင် သမီး၏အခန်းဝသို့ ရောက်လာပြီး သမီးကိုကြည့်လိုက်ရာ မတွေ့သဖြင့် အစေခံများကိုလည်း

mgyoe.com

လက်ဖက်ရည်နှင့် ချိုချဉ်သစ်သီးများ လာရောက်ပို့ရန် မှာထားလိုသော ကြောင့် နောက်ဖေးဆောင်သို့ ရီလေးကို ရှာရင်း လျှောက်ခဲ့ပြန်သည်။

ထိုအခိုက်အတန့်ကလေးမှာပင် ရီလေးမှာ သတင်းစာဖတ်ချင်သဖြင့် ဧည့်ခန်းသို့ သတင်းစာယူရန် ထွက်လာခိုက်ဖြစ်ရာ ဧည့်ခန်းတွင်းရှိ ဆိုဖာပေါ်တွင် သတင်းစာကြည့်နေသော သန့်ဇင်ကိုတွေ့ရလျှင် ရုတ်တရက် အံ့အားသင့်သွားသည်။

မိမိနှင့်တွေ့ရတိုင်း အခါခါ ချောက်ကျလာခဲ့သူဖြစ်ရုံမက ကုန်တိုက်ထဲတွင် ပိုင်စိုးပိုင်နင်းပြောခံရဖူး၍ ကုန်တိုက်စာရေး အထင်လွဲခံရသည်တို့ကြောင့် ခပ်ရွံ့ရွံ့ရှိနေရာမှ ယခုအခါ မိမိအိမ်သို့ပင် လိုက်လာပြီး ဧည့်ခန်း၌ ခြေပစ်လက်ပစ်အခံ့စားကြီးထိုင်နေပြန်သည်ကို တွေ့ရလျှင် အခံရခက်ခက်နှင့် မျက်မှောင်ကုတ်၍ ကြည့်မိကာ၊

"ဟင် ရှင် ရှင် ဘာလာလုပ်တာလဲ"

ခပ်တည်တည် မေးသည်။

သန့်ဇင်လည်း မိမိကိုမေးသံကြားမှ လက်တွင်းကသတင်းစာကို ချပြီး မော်ကြည့်လိုက်ရာ မိမိအလွန်တရာ တွေ့မြင်လိုလှသူကလေးဖြစ်နေသောကြောင့် ရုတ်ခနဲ ဝမ်းသာလုံးကြီးဆို့သွားကာ သူကဘာမေး၍ မိမိက ဘာဖြေရမည်မသိဘဲ မချိုမချဉ်နှင့်ပြုံး၍ စိုက်ကြည့်နေမိသည်။

"ရှင်နဲ့တွေ့ရတိုင်း ဘယ်တော့မှ မရှင်းလင်းဘူး။ အခုကော ရှင်ဘာလုပ်ဖို့ ကျွန်မအိမ်ကို လိုက်ခဲ့တာလဲ။ ဟိုအထုပ်တွေ ပြန်လဲဖို့လား။ ဒီလိုဆိုရင် မြန်မြန်လဲသွားပါ။ လူကြီးတွေ မြင်ရင်တလွဲထင်ပြီး အကြိမ်းခံရလိမ့်မယ်"

သူ့အမေးနှင့် သူ့အဖြေ လေလျှောက်မှုတ်နေသဖြင့် သန့်ဇင်မှာ ဘာမျှမပြောနိုင်ဘဲ၊ ရယ်ချင်သည့်စိတ်နှလုံးနှင့် ပြုံးပြုံးကြီး ကြည့်နေပြန်သည်။

mgyoe.com

mgyoe.com

"အို ရှင် ဘယ်လိုလူစားလဲ"

ရီလေးသည် ဒေါသဖြစ်လွန်းသည့်ဟန်နှင့် မေးသည်။

ထိုအခိုက် "ဟင် သမီးက ဒီမှာကို၊ ဖေဖေက အခန်းထဲမှာ လိုက်ရှာနေတယ်"

ပြောပြောဆိုဆိုပင် ဦးရွှေဘော်အနီးသို့ ရောက်လာသည်။ ရီလေးသည် သန့်ဇင်အတွက် အထင်လွဲမည်စိုးသဖြင့် မျက်နှာမထားတတ်အောင် ဖြစ်နေသည်။

"မောင်သန့်ဇင် ပျင်းနေပလားကွယ့်"

ရီလေးသည် သန့်ဇင်နှင့် မိမိဖခင်ကြီး ဘယ်အချိန်ကများ သိကျွမ်းနေပါလိမ့်ဟု မဝေခွဲနိုင်အောင်ရှိသွားသည့်အပြင် အိမ်စေကလေးက သစ်သီးနှင့်မုန့်ပွဲများ ပို့လာသည်ကို တွေ့မြင်ရပြန်သောကြောင့် အံ့သြသည်ထက် အံ့သြမိပြန်သည်။ ထိုသို့ ရီလေးအံ့အားသင့်နေသည်ကို သန့်ဇင်ကလည်း ရိပ်မိပြန်လျက် ကြွားလိုသောမျက်နှာမျိုးနှင့် မသိမသာကြည့်၍ ပြုံးနေပြန်၏။

"သမီး၊ ဒါပဲကွယ့်။ မနေ့က ဖေဖေ့ကို ကူညီလိုက်တဲ့ မောင်သန့်ဇင်ဆိုတာ။ ဖေဖေတော့ သူပေးတဲ့အသက်ပဲ ရှိတော့တယ်ဟေ့။ မင်းတို့သားအမိနဲ့ တွေ့စေချင်လွန်းလို့ ဒီနေ့လာလည်ပါဦးလို့ အတန်တန်မှာလို့လာရှာတာကလား။ ကိုင်း... စကားများပြောပါဦး သမီးရဲ့"

"ဟုတ်ကဲ့ ဖေဖေ"

ရီလေးသည် ဖခင်ကြီးကို ပြန်ပြောပြီးလျှင် ပြုံး၍ ကြည့်နေသောသန့်ဇင်ကို မျက်စောင်းထိုးလိုက်သည်။ ထိုနောက် အနီးရှိ ကုလားထိုင်တွင် ဝင်ထိုင်သည်။ သို့နှင့်လည်း ဦးရွှေဘော်မှာ သမီးဖြစ်သူက ဖော်ဖော်ရွေရွေမရှိဘဲ ခပ်တည်တည်လုပ်နေသည်ကို အားမရနိုင်ပဲ။

"သမီးရဲ့ မင်းအစ်ကိုကြီးကို လက်ဖက်ရည်ထည့်ပြီး ဖျော်ပေးပါ။

mgyoe.com

mgyoe.com


သစ်သီးပွဲလည်း ရှေ့တိုးပေးပါ။ စကားတွေဘာတွေပြောပြီး မပျင်းအောင် စည့်ခံမှပေါ့၊ ဒါ ဖေဖေရဲ့ အသက်သခင် ကျေးဇူးရှင်သမီးရဲ့"

ထပ်၍ပြောနေပြန်သောကြောင့် ရီလေးမှာ မနေသာတော့ဘဲ၊ ဖခင်ကြီးစိတ်ချမ်းသာအောင် ဧည့်ဝတ်ပြုရန် ဆုံးဖြတ်လိုက်လေသည်။

ထို့နောက် လက်ဖက်ရည်ပန်းကန်တွင်းသို့ နို့နှင့်လက်ဖက်ရည်များကို ငှဲ့ထည့်ပြီး ပန်းကန်ကို သန့်ဇင်ဘက်သို့ တိုးပေးသည်။

"ဖေဖေ့ကို ကူညီတဲ့လူဆိုတာ သိရလို့ အင်မတန် ကျေးဇူးတင်ပါတယ်၊ လက်ဖက်ရည် သုံးဆောင်ပါဦးရှင်"

သန့်ဇင်မှာ ကျေနပ်ပီတိဖြစ်သွားလျက် လက်ဖက်ရည်ပန်းကန်ကို ယူပြီး နောက်ထပ်ထည့်ပေးမည့် ရီလေးလက်မှသကြားကို စောင့်စားခံယူနေပြန်၏။

ရီလေးသည် သကြားခွက်တွင်းမှ သကြားများကို ဇွန်းနှင့်ခပ်ကာ သန့်ဇင်၏ လက်ဖက်ရည်ပန်းကန်ထဲသို့ ယဉ်ကျေးစွာ ထည့်ပေးပြန်သည်။ သန့်ဇင်မှာ ခံကောင်းကောင်းနှင့် ဖိမ်ယူနေသည်ကို တွေ့ရသောအခါ နောက်က ချောက်ကျခဲ့သောအညှိုးများကို ကလဲ့စားချေချင်သောဆန္ဒ ရုတ်တရက်ဖြစ်လာ၍ အမှတ်မဲ့ပင် သကြားတွေကို ခွက်ပါမှောက်လောင်းထည့်ပြီးလျှင် ဇွန်းနှင့်မွှေ၍ပေးလိုက်သည်။ သန့်ဇင်မှာ ဆံယဉ်ကောက်ကောက်ကလေးတွေ စီကျနေသော ရီလေး၏နဖူး ဝါဝါဝင်းဝင်းလေးကို မနောခွေ့၍ တဒင်္ဂပဟန်မေ့မြောနေဆဲဖြစ်သောကြောင့် ဘာမျှမသိလိုက်ရှာချေ။

"ကဲ မောင်၊ လက်ဖက်ရည်တွေ အေးကုန်တော့မယ်။ သောက်လိုက်ပါဦး"

ဦးရွှေဘော်က လက်ဖက်ရည်သောက်ရန် တိုက်တွန်းပြန်၏။

"ဟုတ်ကဲ့ ခင်ဗျ"

mgyoe.com

mgyoe.com


ဆိုကာ သန့်ဇင်သည် ရီလေးကိုယ်တိုင်ဖျော်ပေးသော လက်ဖက်ရည်ပန်းကန်ကို စတိုင်ကျကျ မ၍သောက်လိုက်၏။ သို့ရာတွင် နှစ်ကျိုက် သုံးကျိုက် မြိန်မြိန်ကြီး မော့ချလိုက်ပြီးနောက် ရဲရဲတောက်ချိုမြနေသည့်ကြောင့် နောက်ထပ်ဆက်၍ မသောက်ဝံ့တော့ဘဲ လက်ဖက်ရည်ပန်းကန်ကိုပင် မကြည့်ရဲအောင် ဖြစ်နေတော့၏။ ရီလေးကား စိတ်ထဲမှ ကျိတ်ကာ ကျေကျေနပ်နပ်ကြီး ဒိုးပတ်တီး၍နေသည်။

"အင်း... ငတိမတော့ ငါ့ကိုကလဲ့စားချေပဟ"

သန့်ဇင်က တွေးမိသည်။

"မောင်ရဲ့ သောက်စမ်းပါ။ ဟောဒီသစ်သီးတွေကိုလည်း အားရပါးရ စားစမ်းပါဦး"

ဘာမှမသိရှာသော ဦးရွှေဘော်က စေတနာထက်သန်စွာနှင့် တိုက်တွန်းပြန်သည်။ ရီလေးကလည်း

"ဟုတ်ပါရဲ့။ ယောကျ်ားပဲရှင်၊ လက်သန်းဖျား ချည်မနေစမ်းပါနဲ့၊ အားရပါးရသောက်လိုက်စမ်းပါ၊ ကျွန်မက နောက်တစ်ခွက်တောင် ထပ်ဖျော်ဦးမလို့"

ဆိုလိုက်ပြန်သည်။ သန့်ဇင်လည်း ဟုတ်ကဲ့ဟုတ်ကဲ့နှင့် လိုက်ရင်းက လည်ပင်းတနင်နင်နှင့် ချိုရဲနေသော လက်ဖက်ရည်တစ်ပန်းကန်ကို မကုန်မချင်း အတင်းနင်း၍ မျိုချလိုက်ရသည်။

"သောက်ပါဦး မောင်"

"ကုန်ပါပြီ ခင်ဗျာ"

"မဟုတ်တာရှင်၊ နောက်တစ်ခွက်လောက် ဖျော်လိုက်ပါရစေဦးရှင်"

"တော်... တော်ပါပြီခင်ဗျာ၊ ကျေးဇူးတင်လှပါပြီ'

"ဒါဖြင့် သစ်သီးစားပါဦး မောင်သန့်ဇင်...၊ သမီး... သစ်သီးယူပေးပါကွယ်"

mgyoe.com

mgyoe.com


ရိလေးသည် ပန်းကန်နှင့် ဓားတစ်ချောင်းကို သန့်ဇင်ရှေ့သို့ ထိုးပေးပြီး ငွေလင်ပန်းအတွင်းမှ ချောချောမွတ်မွတ်ပန်းသီးကြီး တစ်လုံးကို ရွေးယူကမ်းပေးလိုက်သည်။ သန့်ဇင်ကလည်း ကျေကျေနပ်နပ်ကြီး လှမ်းယူလျက် ဦးရွှေဘော်နှင့် စကားပြောရင်း ပန်းသီးကို ဓားဖြင့် လှီးလိုက်စားလိုက်လုပ်နေသည်။

"မောင်... အခုလို လာလည်တာ သိပ်ဝမ်းသာသကွယ်...၊ နောက်ကိုလည်း မကြာမကြာလာနော်။ သမီးကလေးကိုလည်း မောင့်ညီမလို သဘောထား၊ သမီးကလည်း အစ်ကိုအရင်းလိုမှတ်။ လမ်းမှာ တွေ့ကြရင်လည်း ခေါ်ကြပြောကြပေါ့ကွယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ ဦးစကားကိုနားထောင်ပါ့မယ်။ ရိနဲ့လည်း ခုလို မသိကျွမ်းခင်ကတည်းက ကုန်တိုက်မှာ..."

ထိုအခိုက်၌ အောက်သို့တန်း၍ချထားသော သန့်ဇင်၏ခြေသလုံးမှာ စူးရှသောအရာတစ်ခုနှင့် ထိမိသဖြင့် ရုတ်တရက်အံ့အားသင့်ကာ စကားကိုတစ်ဝက်နှင့်ရပ်လိုက်ရသည်။ ထို့နောက် ဆက်လက်ပြောဦးမည်ပြုရာ နောက်ဆက်တွဲ လာလတ္တံ့သော ရိလေးလက်ထဲမှ သစ်သီးလှီးသော ဓားချွန်ကလေးကို ပြေး၍ မြင်မိသဖြင့် အသာကိုယ်ရှိန်သတ်၍ နေလိုက်ရသည်။

ဦးရွှေဘော်ကား ရွှန်းရွှန်းဝေအောင် စကားတွေပြောလျက်ရှိသည်။ သန့်ဇင်ကလည်း ဦးရွှေဘော်နှင့် လိုက်လျောညီမျှစွာ မိမိတို့ သင်ကြားရသော ဥပစာကောလိပ်အကြောင်း၊ သင်ခန်းစာများ အကြောင်းတို့ကို အတုံ့အပြန် ပြောဆိုနေကြသည်။ ထိုသို့ပြောနေရင်းပင် သန့်ဇင်၏ မျက်လုံးများသည် ရှုပါရုံရှင်ရိလေး၏ထံပါးသို့ တစ်ရစ်သီသီ ခစားလျက်ရှိနေရာ မိမိကို တိတ်တခိုးကြည့်၍ ကြည့်၍နေသည်ကို ရိပ်မိသော ရိလေးမှာလည်း နောက်နောက်က ဘောက်ကျခဲ့ဖူးသောကြောင့် သန့်ဇင်

mgyoe.com

mgyoe.com

ကိုမြင်လျှင် မုန်းချင်သလိုလို၊ လက်စားချေချင်သလိုလိုရှိနေမိစေကာမူ ပညာတတ်၊ အရွယ်သင့်၊ သပ်ရပ်စွာ ဝတ်စားထားသော ယောကျ်ားပီသသည့် လူချောလူလှတစ်ယောက်ဖြစ်ကာ အနားနီးနီးတွေ့မြင်နေရသည့်အပြင် ဖခင်ကြီးကို ကယ်ဆယ်မှု အကြောင်းပြု၍လည်း ကျေးဇူးကြီးနေပြန်သောကြောင့်တစ်ကြောင်း၊ အရွယ်တူ၊ အပျိုလူပျို၊ ဖိုဓာတ်မဓာတ်တို့၏ တဖျတ်ဖျတ်ကွန့်မြူးလျက်ရှိသော သဘာဝ၏ လျှပ်စစ်လျှပ်ပန်းများကလည်း ရီလေး၏နှလုံးသားအတွင်း၌ တဝင်းဝင်းတလက်လက်အချက်ပြ၍ နေကြသောကြောင့် ရှေးကလောက် 'ရှုမတင်း' တော့ဘဲ ပျော့ပျောင်းညက်ညောစွာနှင့် မျက်နှာပေး ပြုံးရွှင်ချိုသာလာလေတော့သည်။

သို့နှင့် အချိန်ကုန်၍ သန့်ဇင်နှုတ်ဆက်ပြန်သွားသောအခါ ရီလေးသည် ဧည့်ခန်းတွင် ကျန်ရစ်ရာမှ သန့်ဇင်တစ်ပိုင်းတစ်စ ထားခဲ့သောသစ်သီးပန်းကန်ပြားထဲတွင် ပန်းသီးတစ်ခြမ်းကို နှလုံးသား သဏ္ဌာန်လှီး၍ ဓားမြှောင်ကလေးစိုက်ကာ အချစ်၏အမှတ်လက္ခဏာ ပြထားသည်ကို တွေ့ရလျှင် ရီလေးမှာ တစ်ကိုယ်လုံးထူပူရှိန်းဖိန်းလျက် ရှက်ကြောက်ဝမ်းသာကြီးဖြစ်သွားကာ ဓားတန်းလန်းစိုက်ထားသော သစ်သီးခြမ်းကလေးကို ဖခင်ကြီး မမြင်မီ ယုယမြတ်နိုးစွာ ဖြုတ်ယူထားလိုက်မိသည်။

*

mgyoe.com

mgyoe.com

## အခန်း ၆

သို့နှင့် ထိုညအဖို့မှာ သန့်ဇင်ရော ရီလေးပါ နှစ်ယောက်စလုံးပင် ဓာတ်ခိုက်နှင့် နတ်ကြိုက်နေမိကြသလို ရင်တဖိုဖိုဖြစ်ကာ တစ်ယောက် မျက်နှာကို တစ်ယောက်မြင်နေပြီး တွင်တွင်ကြီး စိတ်အလုပ်များနေမိကြ သည်။

ရီလေးထက် အတွေးနက်နေသူကား သန့်ဇင်သာလျှင်ဖြစ်၍ နေ့ခင်းက အဖြစ်တော်ပုံကို တစ်ကိုယ်တည်း အနုလုံပဋိလုံချလျက် သဘောအကျကြီးကျနေသည်။

"ကိုကိုရေ… ကိုကို ဒီနေ့ဘယ်ကိုသွားနေသလဲ။ ဟောဒီမှာ ကိုကိုဖို့ စာတွေရောက်နေတယ်"

"အေးကွယ်…၊ ကိုကို သူငယ်ချင်းတစ်ယောက် အိမ်ကို သွားလည် နေတယ်"

"ဟုတ်မှလုပ်ပါ ကိုကိုရာ၊ တစ်နေ့က မှားလာတဲ့ဓာဘော်လီရှင် ကိုများ လိုက်ရှာနေသလား"

"ဟယ်… အနွဲ့ကလည်း မဟုတ်တယုတ်။ ဟော… ဖေဖေ ဝင်လာ ပြီ။ ဖေဖေ မိုးချုပ်ပြီ၊ ဘယ်သွားမလို့လဲ"

"ဖေဖေ့လက်အောက်က စာရေး မောင်လှမောင်တို့အိမ် သွားမလို့

mgyoe.com

mgyoe.com


ကွယ့်။ သူ့သားကလေးက အတော်ဖြစ်နေရှာသတဲ့။ ဖေဖေလည်း မသိပါဘူးကွယ်။ နေ့လယ်က သူငွေစာရင်းတွေပေါင်းတာမှားနေလို့ အလုပ်ထုတ်ပစ်မယ်၊ ဘာမယ်နဲ့ အတော်ဆူပစ်လိုက်မိတယ်။ နောက် သနားလာတာနဲ့ မင်းဘာကြောင့် ငွေရေးကြေးရေးအလုပ်လုပ်တာ ဒါလောက် မှားနေရသလဲလို့မေးတော့ သူ့သားကလေးအသည်းအသန် ဖြစ်နေတာနဲ့ စိတ်မကောင်းဖြစ်တာတစ်ကြောင်း၊ လကုန်ခါနီး ငွေပြတ်နေလို့ ဆရာမခေါ်နိုင်၊ ဆေးဝါးမတတ်နိုင်နဲ့ ညညလည်း မိုးအလင်းစောင့်ပြီး ပြုစုနေရလို့ အိပ်ရေးပျက်ပြီး ကတုန်ကယင်ကြီးဖြစ်နေတာ တစ်ကြောင်း ကြောင့် ငွေစာရင်းတွေ အပေါင်းမှားတယ်လို့ ပြောတော့ ဖေဖေလည်း သနားတာနဲ့ ဆရာခေါ်ဖို့ ငွေနှစ်ဆယ်ပေးလိုက်ဘယ်။ ခုလည်း ဘယ်လိုများနေရှာသလဲလို့ သွားကြည့်မလို့ကွယ့်။ မင်းတို့ မောင်နှမ ကောင်းကောင်းနေရစ်ကြ"

ဦးထွန်းမောင်မှာ လူတစ်ဖက်သားကို သနားကြင်နာတတ်သလို သားနှင့်သမီးကလည်း အလားတူ ကြင်နာစိတ်များရှိကြလျက် စုတ်သပ်ကာ "အို... ဖြစ်မှဖြစ်ရလေ၊ ဒါဖြင့် သွားကြည့်ပါဖေဖေ၊ နောက်ထပ်ငွေလိုရင်လည်း နည်းနည်းပါးပါးပေးခဲ့ပါနော်.."

လူကို မမြင်ဖူးဘဲနှင့်ပင် သနားကြင်နာစွာ ထောက်ခံပြောဆိုကြသည်။ ဦးထွန်းမောင်လည်း မြင်းရထားတစ်စီးနှင့် ထွက်သွားလေသည်။

"ကဲ... ကိုကို၊ ကိုကို့စာတွေ ဖတ်ပါ"

အနွဲ့က သတိပေးသောကြောင့် သန့်ဇင်သည် လက်တွင်ကိုင်ထားသော စာများကို တစ်စောင်ပြီးတစ်စောင် ဖောက်ဖတ်နေရာမှ စာတစ်စောင်မှာ အပျော်ရိုက်ဓာတ်ပုံငယ်ကလေး ၃-၄ ခု ပါလာလေသည်။

"ဟင်... ကိုကို ဓာတ်ပုံတွေပါလား"

mgyoe.com

mgyoe.com


"ဟုတ်တယ်၊ မေမြို့က ကိုကို့သူငယ်ချင်း ဓာတ်ပုံဝါသနာအိုးက ထည့်ပေးလိုက်တာလေ။ ဒီနှစ်ဝါဆိုပန်းခူးထွက်တုန်းက သူရိုက်သွားတဲ့ ဓာတ်ပုံတွေတဲ့၊ ဟောဟော... ကြည့်စမ်းပါဦး၊ ရန်ကင်းတောင်ပေါ်မှာ ကိုကိုတို့တစ်တွေ ချော်လဲတာကိုတောင် ရိုက်မိအောင် ရိုက်ယူသွားလိုက်သေးတယ်'

"ဟော... ကိုကိုနဲ့ မိန်းမတစ်ယောက်ခေါက်ကွေးကြီး လဲနေတဲ့ ပုံပါလား"

"အေး... ဟုတ်ပါရဲ့။ ဒီကောင်... ၊ တော်တော်လက်မြန်တဲ့ လူပဲဟေ့..."

"အို... ဒါ မရီလေးပါလား၊ အရင် ကိုကို ပြန်ပြောပြတုန်းက တခြားလူမှတ်လို့"

"ဩော်... သူနဲ့ အနွဲ့သိကြသလား'

"သိတာပေါ့ ကိုကိုရဲ့...။ အနွဲ့ နေရှင်နယ်ကျောင်းမှာ ၇ တန်း အောင်တဲ့နှစ်က မရီလေးက ဆယ်တန်းအောင်သွားတယ်။ တစ်နေ့က တောင် ဈေးထဲမှာတွေ့လို့ အနွဲ့တို့အိမ်ဘယ်နားမှာလဲ၊ သူလာလည်ဦးမယ်ဆိုလို့ အိမ်နံပါတ်ပြောခဲ့ရတယ်"

"ဟယ်... နိပ်ပဟ၊ ဒါဖြင့် ကော်တာပဲ။ ဒါနဲ့ အနွဲ့နဲ့ ကိုကိုမောင်နှမတော်တာ သူမသိဘူးပေါ့"

"မသိဘူးလေ၊ နွဲ့နဲ့လည်း ကျောင်းတုန်းက အတန်းချင်းမတူလို့ ခပ်ဝေးဝေးပဲ၊ ကျောင်းထွက်ပြီး တွေ့ကြမှ တစ်ကျောင်းတည်း သားချင်းဆိုပြီး ခင်ရမှန်း သိလာကြတာကလား"

"အော်... သိပ်ထူးတာပဲ အနွဲ့ရယ်၊ တစ်နေ့က ကိုကိုကယ်လိုက်တဲ့ အဘိုးကြီးဟာလည်း ရီလေးရဲ့ အဖေဖြစ်နေတယ်ကွယ့်။ ဒီနေ့မှ သိခဲ့ရတယ်။ ဟော အခုတစ်ခါ သူနဲ့အနွဲ့ သိနေကြပြန်ပြီဆိုတော့..."

mgyoe.com

mgyoe.com


"အမယ်၊ ကိုကိုက သိပ်ကျေနပ်နေတယ်ဆိုပါတော့"

"အေးပေါ့ကွ ညီမလေးရ။ ဒါနဲ့ ကိုကိုပြောရဦးမယ်၊ သူနဲ့ ကိုကိုနဲ့ တွေ့ရတိုင်း တွေ့ရတိုင်း အမြဲလိုပဲ ချောက်ကျလာခဲ့တယ်။ အဲဒါတွေ သူက အငြိုးထားပြီး ဒီနေ့တော့... ကောင်းကောင်းကြီး ကလဲ့စား ချေလွှတ်လိုက်တယ်"

သန့်ဇင်သည် မိမိနှင့်ရီလေး ရန်ကင်းတောင်တွင် တစ်ကြိမ်၊ ဓာတ်ရထားပေါ်နှင့် ကုန်တိုက်တွင်တစ်ကြိမ် ဘုကျခဲ့ပုံများကိုလည်း ကောင်း၊ အထုပ်ချင်းမှားခဲ့ပုံ၊ ဦးရွှေဘော်ကို ကယ်ပြီးနောက် ယနေ့ ရီလေးနှင့် တွေ့ခဲ့ရပုံများကိုလည်းကောင်း စီကာပတ်ကုံးပြန်ပြောလေရာ အနွဲ့မှာ တခစ်ခစ်ရယ်မောနေရတော့သည်။

*

သို့နှင့် ရက်များမကြာမီ ရီလေးသည်အနွဲ့တို့အိမ်သို့ ရောက်လာ တော့သည်။

"ဟော... မမရီပါလား၊ လာပါ၊ လာပါ။ လာပါ။ အနွဲ့ဖြင့်လေ မမရီလာမယ်ဆိုကတည်းက တမျှော်မျှော်နဲ့၊ မမရီကဖြင့် ခုမှပဲလာ တော့တယ်"

"အေးကွယ်၊ မမရီလည်းလာမလို့ပါပဲ၊ မအားတာနဲ့ ရတ်တရက် မလာရဘူး။ ဒီနေ့တောင်မှ စိပိလိုင်းထဲက လူမမာတစ်ယောက် လာမေး ရင်းနဲ့ အနွဲ့တို့အိမ်ကို ဝင်ဖြစ်အောင် တမင်ဝင်လာတာပဲ"

"လာလို့ရှိမှ မမရီ အကြာကြီးနေရမယ်နော်၊ ထမင်းတွေ ဘာတွေ စားပြီးမှ ပြန်ရမယ်"

"အိုကွယ်၊ သိပ်မိုးချုပ်နေရင် အိမ်က စိတ်မချပဲနေမှာ"

"ကိစ္စမရှိပါဘူး မမရီရဲ့၊ အနွဲ့တို့ လိုက်ပို့မှာပေါ့"

mgyoe.com

mgyoe.com

အနွဲ့သည် ခြေမကိုင်မိလက်မကိုင်မိ၊ ပျာပျာသလဲ ဧည့်ခံပြုစုနေသည်။

"အနွဲ့တို့အိမ်က အကျယ်သားပဲနော်၊ စီပီလိုင်းဘက်မှာဆိုတော့ ခြံထဲမှာလည်း သစ်ပင်၊ ပန်းပင်ကလေးတွေနဲ့ သိပ်စိုစိုပြည်ပြည်ရှိတာပဲနော်"

"ဟုတ်တယ်၊ မမရီပြန်ရင် နွဲ့စိုက်ထားတဲ့ပန်းပင်က ပန်းပွင့်ကလေးတွေ အများကြီးခူးပေးလိုက်မယ်နော်...။ ဒါနဲ့ မမရီထိုင်ရတာ ညောင်းပြီထင်ပါရဲ့။ အညောင်းပြေအိမ်ထဲလျှောက်ကြည့်ပါဦးလား။ လာပါ မမရီရဲ့"

ဧည့်ခန်း၊ အိပ်ခန်း၊ လက်ဖက်ရည်ခန်းနှင့် အခြားအဆောင်များကို လိုက်လံပြသသည်။

သို့နှင့် အခန်းတစ်ခုသို့ ဝင်မိသောအခါ တစ်ယောက်အိပ်ခုတင် စာကြည့်စားပွဲ၊ စာအုပ်ဗီရို၊ မှန်တင်ခုံ... စသည်တို့နှင့် စွပ်ကြယ်အင်္ကျီ၊ ရှပ်လက်တို၊ ခုတင်ခြေရင်းဘက်နံရံတွင် အားစမ်းသည့် စင်ပရင်၊ ဘောက္ကဆင် လက်စွပ်အိတ်... စသည်တို့ ချိတ်ဆွဲထားသည်ကို တွေ့ရ၍ အနွဲ့က "ဒါ ကိုကိုနေတဲ့အခန်း မမရီရဲ့။ ဖေဖေကတော့ အိမ်ဦးခန်းမှာ အိပ်ပါတယ်" ဟု ပြောသည်။

ရီလေးသည် စာရေးစားပွဲပေါ်တွင် အင်္ဂလိပ် ဝတ္ထုစာအုပ်တစ်ခုကို ဆွဲဖွင့်လှန်ကြည့်နေခိုက်၊ "အော်... မမရီ ခဏနေဦးနော်၊ အနွဲ့ဆီမှာ ဝတ္ထုကောင်းတစ်ပုဒ်နဲ့ ဓာတ်ပုံတစ်ခုရှိတယ်။ မမရီကို လက်ဆောင်ပေးဖို့ သွားယူလိုက်ဦးမယ်"

ကပျာကယာထွက်သွားသောကြောင့် အခန်းထဲတွင် ရီလေးတစ်ယောက်တည်းကျန်ရစ်ခဲ့သည်။ ရီလေးသည် လက်ထဲမှစာအုပ်ကို စားပွဲပေါ်သို့ ပြန်ချလိုက်ပြီး စားပွဲ၏ အထက်နံရံဆီသို့ မျှော်ကြည့်လိုက်

mgyoe.com

mgyoe.com

သောအခါ ရုတ်တရက် အံ့အားသင့်၍ သွားမိသည်။ မြင်လိုက်ရသော အရာကား နှစ်ဆယ့်လေးလက်မ ကိုယ်တစ်ပိုင်းရိုက်ထားသော သန့်ဇင်၏ ဓာတ်ပုံကားကြီး ဖြစ်နေသည်။ စပို့ရှပ်နှင့် တင်းနစ်ဘက်တံကို ချိုင်းကြားညှပ်ပြီး ခပ်ပြုံးပြုံးနေပုံမှာ မိမိကိုပင် ဆီးကြိုနှုတ်ဆက်နေသကဲ့သို့ရှိသောကြောင့် အနေရအထိုင်ရခက်သွားမိတော့သည်။

"ဟင်... ဒါ သူ့အခန်းပဲ၊ အန္တီ့နဲ့သူ မောင်နှမဖြစ်နေပါကလား၊ သူ့အခန်းထဲ ငါရောက်နေတာများတွေ့သွားရင်"

ဆုံးအောင်ပင် မတွေးရဲတော့ဘဲ ကျောထဲစိမ့်၍ တက်သွားသောကြောင့် ကပျာကယာလှည့်ထွက်တော့မည်အပြုတွင်၊

"ဟင် ရီလေးပါလား"

ဝမ်းသာချိုပြုံး ပီတိဖုံးလျှက်ရှိသော မျက်နှာနှင့် စာအုပ်တစ်အုပ်ကို ချိုင်းညှပ်ကာ ကျောင်းမှ ပြန်လာသောသန့်ဇင်ကို ရင်ဆိုင်ဝင်၍ တိုးမိတော့သည်။

ရီလေးကား အလွန်အမင်း ထိတ်လန့်ရှက်ကြောက်သွားသောကြောင့် မျက်နှာမထားတတ်အောင် ပူထူရှိန်းဖိန်း၍သွားသည်။ မိမိအိမ်ကိုလာစဉ်က ထန်ထန်ကြီးပြောပြီး လက်ဖက်ရည်ကို သကြားခွက်တစ်ဆယ်နှင့် ရော၍ဖျော်တိုက်လိုက်မိသောမိမိအပြစ်ကို မလုံသဖြင့်လည်း တုန်တုန်ခိုက်ခိုက်ကြီး ဖြစ်နေမိသည်။

သို့ရာတွင် သန့်ဇင်ကား ရီလေးကို မမျှော်လင့်ဘဲ မိမိ၏အခန်းထဲတွင် လာတွေ့နေရသည့်အတွက် ဝမ်းမြောက်ချက်အစမဆုံးနိုင်ဘဲ ဖြစ်နေ၏။

"ရီလေးလာလည်သလား။ ကိုသန့်ဇင်တော့ ခုလိုမမျှော်လင့်ဘဲ တွေ့ရတာ သိပ်ကိုဝမ်းသာတာပဲ။ အန္တီ့ကော၊ တယ် ဒီကောင်မလေးဟာ ရီလေးတစ်ယောက်ထဲထားပြီး ဘယ်များသွားနေပါလိမ့်"

mgyoe.com

ရီလေး အရှက်ပြေအောင် ဖော်ရွေစွာ နှုတ်ခွန်းဆက်လိုက်သော အခါတွင် "အို... ကိစ္စမရှိပါဘူး၊ အန္တွ.က အခန်းတွေကို လျှောက်ပြနေတာနဲ့" ဟု ပြောမိပြောရာပြောပြီး မိမိစကားကို မည်သို့အဆုံးသတ်ရမည်မသိဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်ထားခဲ့ပြီးလျှင် ဧည့်ခန်းသို့ အမြန်ထွက်ခဲ့သည်။ သန့်ဇင်ကလည်း သူ့နောက်မှ လိုက်သွားသည်။

ထိုအခိုက်တွင် အန္တွ.သည် စာအုပ်တစ်အုပ်ကိုယူပြီး အခန်းတွင်းမှ ထွက်လာခဲ့ရာ မိမိအစ်ကိုနှင့် ရီလေးတို့ ဧည့်ခန်းတွင် မျက်နှာချင်းဆိုင်ထိုင်ပြီး စကားအတိုင်အဖောက်ပြောနေသည်ကို ရုတ်တရက်တွေ့ရသောကြောင့် အံ့အားသင့်နေရာမှ ကျိတ်ပြုံးပြုံးပြီး တိတ်တိတ်ပုန်း ကျောနပ်လျက် အခန်းနံရံကိုကပ်၍ ခေတ္တအချိန်ဆွဲနေလိုက်မိ၏။ သန့်ဇင်က လောကဝတ် ကျေလှသဖြင့် အမေးအဖြေ အပြန်အလှန်လုပ်နေသော ရီလေးမှာလည်း သန့်ဇင်နှင့် ယခုလိုနှစ်ယောက်တည်း ဘီလူးတွေ့ဒူးတွေ့တွေ့ဆိုင်ထိုင်နေရသည်ကို ရှက်သလို၊ ကြောက်သလို၊ မရဲသလိုနှင့်ဖြစ်နေပြီးလျှင် အန္တွ.ထွက်လာနိုးနိုးနှင့် မျက်လုံးအားကိုး၍ ရှာဖွေနေမိသည်။ ထိုအခါ ချောင်းခိုနေသောအန္တွ.သည် ကြာကြာအောင်း၍ မနေသာတော့ဘဲ ထွက်လာရသည်။

"ဟင်... ကိုကိုကြီးပြန်လာပြီလား"

"အေး... ညီမလေးကလည်း ဧည့်သည်ကို တစ်ယောက်တည်း ပစ်ထားခဲ့ပြီး ဘယ်သွားနေရတာလဲ"

"ပစ်ထားတာ မဟုတ်ပါဘူး ကိုကိုရဲ့။ မမရီ ပျင်းမှာစိုးလို့ တစ်အိမ်လုံးလျှောက်ပြရင်းနဲ့ မမရီကို ပေးစရာတစ်ခုရှိလို အန္တွ.အခန်းထဲမှာ သွားရှာနေတာပါ။ ဟောဒီမှာ မမရီ...၊ ဒီဓာတ်ပုံကလေးကို ကြည့် စမ်းပါ"

ရီလေးသည် အန္တွ.ပေးသော ဓာတ်ပုံကလေးကိုကြည့်လိုက်မိသော အခါ ရန်ကင်းတောင်ခြေတွင် လူချင်းတိုက်မိ၍ မိမိနှင့်သန့်ဇင် နှစ်ယောက်

mgyoe.com

mgyoe.com

သား မဟားတယားလဲနေကြသော ဓာတ်ပုံဖြစ်နေ၍ ရုတ်တရက်အံ့အား သင့်သွားရာမှ ရှက်လည်း ရှက်၊ ရယ်လည်း ရယ်ချင်ဖြစ်မိပြီး။

"အင်း ကြည့်ပါဦး၊ ဘယ်သူက ဘယ်အချိန်ရိုက်ယူထားလိုက် ပါလိမ့်၊ ရှက်စရာကြီး"

ခပ်ပြုံးပြုံးကလေး ညည်းတွားလိုက်၏။ ဤတွင် သန့်ဇင်မှာ မနေ သာတော့ချေ။

"အဲဒီတုန်းက ကိုယ်တို့လူစုထဲမှာ ဧည့်သည်ဓာတ်ပုံသမား တစ်ယောက်ပါလာတယ်လေ။ အဲဒါဘယ်အချိန်က ဘယ်လိုရိုက်သွား မှန်းတောင် မသိပါဘူး။ တစ်နေ့ကမှ စာတိုက်ကနေပြီး ထည့်ပေးလိုက် တာ"

"ဟုတ်တယ် မမရီ၊ အနွဲ့လည်း မသိဘူး။ ဓာတ်ပုံတွေတွေ့တော့မှ ဟင် ဒါ မမရီနဲ့ တူလိုက်တာလို့ ပြောမိသေးတယ်။ ဒါကြောင့် အခု ထုတ်ပြတာပေါ့။ သိပ်နေရာကျတာပဲနော်။ အနွဲ့တို့နဲ့ မမရီဟာ ဒီအထိ ရေစက်ဆုံတာပဲ"

လွှတ်ခနဲ ကလေးပြောပြောလိုက်မိသည်တိုင်အောင် ကိုယ်စီ ကိုယ်င အတွင်းကျိတ် သူပုန်ထနေသူနှစ်ယောက်က မျက်နှာထားမလုံ နိုင်အောင် ရှိနေသည်တွင် အနွဲ့မှာ မိမိစကား မှားသွားသည်ကို သတိရ ကာ လျှာကလေးထုတ်လိုက်မိသည်။ သို့ရာတွင် ထိုသို့စကားမှားရခြင်းမှာ သူတို့နှစ်ယောက်အဖို့ အမှားကောင်းကြီးဖြစ်နေသည်ဟု တွေးမိပြီး ရှူးသလိုပေါ်သလိုနှင့်ပင် ထိုစကားကိုပင် ပြန်ကောက်လိုက်ပြန်သည်။

"မဟုတ်ဘူးလား မမရီရယ်၊ နွဲ့နဲ့ မမရီက တစ်ကျောင်းတည်းလည်း နေခဲ့ရတယ်။ ကိုကိုကလည်း မမရီရဲ့ အဖေကိုမသိဘဲနဲ့ ကယ်ခဲ့မိတယ်။ အခုလဲ နွဲ့ဆီလာရင်းနဲ့ ကိုကိုနဲ့ တွေ့ရတယ်။ ဒီကိုကိုဟာလည်း ဟိုအရင်ကြီးတည်းက မမရီနဲ့ရန်ကင်းတောင်မှာ အဆက်ဖြစ်လာ၊ အဲလေ

mgyoe.com

mgyoe.com


ဟုတ်ပေါင် ချော်လဲလာဖူးကြတယ်။ ဒီတော့ ချော်လဲရင်းနဲ့ပဲ ရောထိုင်လိုက်ပါတော့။ ဟင် မှားလို့၊ ချော်လဲရာကစပြီး ကုန်တိုက်ထဲမှာ ပစ္စည်းချင်းမှား။ အခုတော့ အမျိုးမျိုး၊ အဘက်ဘက်က ရင်းနှီးတဲ့လူတွေဖြစ်ကြပြီမဟုတ်လား။ ကဲ ကိုကိုကလည်း ပြောစမ်းပါဦး၊ အန္တဲ့ပြောတာ မဟုတ်ဘူးလား"

ရွှင်ရွှင်ကြည်ကြည် ရယ်သွမ်းသွေးသော မျက်နှာကလေးနှင့် ပြောလျှင် သန့်ဇင်နှင့်ရီလေးတို့မှာ မပြုံးဘဲမနေသာရုံမျှမက သာလိကာမကလေးကဲ့သို့ သွက်လက်ချက်ချာ၍ ချစ်စရာကောင်းသော အန္တဲ့ကိုပင် အတွင်းကျိတ် ကျေးဇူးတင်ချင်သလို ဖြစ်မိကြသည်။

သို့နှင့် သုံးယောက်သား စကားတပြောပြော ရှိနေရာမှ သန့်ဇင်ကလည်း ရီလေးအားဘောကွတ်များစွာ ယုယကြင်နာသော အထိမ်းအမှတ်တွေကိုပြရင်း လူချင်းအရောတဝင်ဖြစ်လာအောင် ကြိုးစားခဲ့သဖြင့် ထိုနေ့မှအစပြု၍ ရီလေးနှင့်သန့်ဇင်တို့မောင်နှမမှာ တစ်ယောက်အိမ်တစ်ယောက် ခင်မင်စွာ ဝင်ထွက်သွားလာနေကြရုံမျှမက သန့်ဇင်နှင့် ရီလေးတို့၏ မနောဟာဒယပန်းဥယျာဉ်ကြီးအတွင်းရှိ မေတ္တာတည်းဟူသော ပန်းပင်ကလေးတွင် အချစ်ဖူး၊ အချစ်ညှောက်၊ အချစ်ပန်း၊ အချစ်ငုံကလေးတို့ဖြင့် လျှမ်းထုံဝေဆာလျက် ရှိကြတော့သည်။

ထိုကြောင့်လည်း ရီလေးသည် ရှေးကနှင့်မတူ၊ ချစ်သူလက်ကိုင်ရှိနေသောကြောင့် မျက်နှာကလေးမှာ အချစ်ရည်ရစ်သန်းလျက် ရွှင်လန်းစိုပြည် ပေ့ါပါးသွက်လက်၍ နေလေ၏။ ဦးရွှေဘော်လည်း သမီးကလေးနှင့် သန့်ဇင်တို့မောင်နှမ ခင်မင်ရင်းနှီးစွာ ကူးသန်းသွားလာလျက်ရှိသည်ကို တပြုံးပြုံးနှင့် အထူးကျေနပ်၍ နေမိ၏။ သို့ရာတွင် မြဟန်၏ဘက်တော်သားဖြစ်သည့် ဒေါ်မိမှာ သန့်ဇင်တို့မောင်နှမကို လင့်အလိုလိုက်၍ ကြည်ကြည်ဖြူဖြူပြုနေရသည့်တိုင်အောင် အနည်းငယ်မျှ

mgyoe.com

mgyoe.com

စိတ်မပါနိုင်ရှိနေပြီးလျှင် တစ်နေ့နေ့တွင် ရီလေးသည် လူချောကလေး သန့်ဇင်ကိုချစ်ခင်တိမ်းညွတ်သွားမည်လားဟု များစွာ စိုးရိမ်လျက်ရှိ၏။

ဦးရွှေဆောင်ကား သန့်ဇင်ကို ကျေးဇူးတင်၍ ချစ်ခင်နေသူဖြစ်သည့် အားလျော်စွာ မိမိသမီးနှင့် ချစ်ခင်သွားမည်ကို လားလားမျှ ကန့်ကွက်ဖျက်ဆီးခြင်းမပြုလို၊ မြပဟန်ကို စကားလွန်ပြီးဖြစ်၍သာ နေရစေကာမူ သဘောတူချင်းတူရလျှင် လူရည်မွန်ပညာတတ် သန့်ဇင်နှင့်ပင် ပို၍ သဘောတူချင်နေသူဖြစ်ရကား... ဇနီးသည်ဒေါ်မိက မြပဟန်အပေါ်တွင် အခိုင်အမာ စကားချည်ထားသောကြောင့် လူကြီးပီပီ အလိုက်ဘာသာ နေခဲ့ရခြင်းဖြစ်သတည်း။

*

mgyoe.com

mgyoe.com

## အခန်း ၇

"အလို၊ မောင်မြဟန်ပါလား၊ ဘာဖြစ်လာတာလဲကွယ့်...၊ မျက်နှာတွေ ညိုလို့၊ နေမကောင်းဘူးလား"

"ဟာ... မမေးပါနဲ့တော့ ဒေါ်ဒေါ်ရယ်၊ ကျွန်တော်ကတော့ သူ့အတွက် ဖြစ်လိုက်ရတာ၊ သူကတော့ အခု ကြည့်စမ်းပါဦး။ ခြံထဲမှာ၊ ခြံထဲမှာ"

"ဟင်... ခြံထဲမှာ ဘာဖြစ်နေလို့တုံး မောင်မြဟန်ရဲ့"

"ဟို... သန့်ဇင်ဆိုတဲ့အကောင်နဲ့ ဖြစ်နေကြပြီဗျ။ ပြုံးလို့၊ ရယ်လို့ အကြည်ဆိုက်နေလိုက်ကြတာ၊ ကောင်းရော"

"ဟင် ... ဟုတ်ကဲ့လား၊ ဒီလိုဆိုမဖြစ်ဘူး၊ သူ့အဖေကို တိုင်ရမယ်။ မောင်မြဟန် မြန်မြန်ရင်လည်း မင်းနဲ့ ဆွဲပေးစားလိုက်မှာပဲ"

"နေစမ်းပါဦး ဒေါ်ဒေါ်ရဲ့...၊ ဒီအကောင်က ဘာများ ကျွန်တော့်ထက် လူရည်သာလို့ သူက ကြိုက်သွားရတာလဲ"

"အို... အကောင်က ရုပ်လည်းနည်းနည်းဖြောင့်၊ ကောလိပ်ကျောင်းသားလည်းဖြစ်၊ အဖေက ဘဏ်မန်နေဂျာ ဦးထွန်းမောင်"

mgyoe.com

mgyoe.com

"သြော်... ဦးထွန်းမောင်ကြီးရဲ့ သားကိုး။ ဒါဖြင့် ဒီအကောင်ဟာ ရွှေနားတောင်းရောင်ကြောင့် ပါးပြောင်နေတဲ့အကောင်ပဲ၊ ကိုယ်စွမ်းကိုယ်စမရှိသေးဘဲနဲ့ မိဘရင်ခွင်ထဲမှိုပြီးနေတုန်းမှာ ရည်းစားထားတာ အံ့ပါရဲ့ဗျာ။ ကြိုက်တဲ့လူကကော ဘာများမက်မောပြီး တယ်မပြောလိုက်ချင်ပါဘူး"

"အေးကွယ်၊ သူ့အဖေကိုခေါ်ပြပြီး မင်းနဲ့ မြန်မြန်နေရာချဖို့ စီစဉ်မှပဲ"

"ဒေါ်ဒေါ်လင်ကြီးကိုလည်း သိပ်အားမကိုးနဲ့ဦးဗျ။ သူ့သမီးလေးကို သိပ်အလိုလိုက်တာ။ တော်တော်ကြာ ငါ့သမီးကြိုက်တဲ့လူ ယူပါစေ ရှင်မရယ်လို့ ပြောလိုက်မှ လှနေရော့မယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ မောင်မြဟန်ရဲ့၊ ဒေါ်ဒေါ်ကလည်း ငါ့တူကြီးနဲ့မှ သဘောတူနေတာ"

မြဟန်သည် အတန်ကြာ တစ်စုံတစ်ခုကို တွေးတောစဉ်းစားနေရာမှ ရုတ်တရက်အကြံရလာသည်။

"အသာနေ ဒေါ်ဒေါ်၊ ကျွန်တော် တော်သလိုကြည့်ပြီး ကြံပါဦးမယ်"

ခပ်အေးအေးပြောလိုက်သောကြောင့် ဒေါ်မိမှာ အံ့အားသင့်သွား၏။ မြဟန်မှာ ရီလေးကို ဖျတ်ဖျတ်လူး ချစ်ကြိုက်နေသူဖြစ်ပါလျက် ဤကဲ့သို့ အေးစက်စက်ပြောနေသည်ကို မစဉ်းစားတတ်အောင် ရှိတော့သည်။

"အေးကွယ်၊ ဒါဖြင့်လည်း မင်းသဘော။ တော်သလို ကြည့်ကြံလိုက်ဦးပေါ့"

ထိုနောက် ဒေါ်မိနှင့် မြဟန်နှစ်ယောက်သား ဧည့်ခန်းထဲကို ဝင်လာကြပြီး ဦးရွှေဘော်နှင့် အလိုက်သင့် စကားထိုင်ပြောနေကြသည်။ ဒေါ်မိမှာ မိန်းမပီပီ လျှာရှည်ချင်သော ဝသီအတိုင်း၊

mgyoe.com

mgyoe.com


"သြော်... ဒါနဲ့ ရိလေးတစ်ယောက်ကော ဘယ်များသွားနေပါလိမ့်"

ဆိုကာ အိမ်ပြတင်းမှ ခြံတွင်းသို့ လှမ်းကြည့်လိုက်သည်။

"သြော်... ဟိုမှာ လူတစ်ယောက်နဲ့ စကားပြောနေပါကလား။ ဘယ်သူများပါလိမ့်၊ သြော်... သူများမှတ်တယ်။ မောင်သန့်ဇင်နဲ့ စကားပြောနေတာကိုး"

အဘိုးကြီးမသိသိအောင် သူ့အမေးသူ့အဖြေနှင့်ပင် ရွှေနားတော်ကြားအောင် ဉာဏ်ဆင်၍ပြောလိုက်သည်။ သို့ရာတွင် ဦးရွှေဘော်မှာ မြဟန်ထင်သည့်အတိုင်းပင် ထိုစကားကြောင့် စိတ်ထိခိုက်လှုပ်ရှားခြင်းမရှိဘဲ အပြုံးမပျက်နေမြဲနေသောအခါ ဒေါ်မိမှာ မခံချိမခံသာနှင့် မြဟန်ကို မေးငေါ့၍ မဲ့ပြလိုက်၏။

သို့နှင့် တစ်ခဏကြာလျှင် ဒေါ်မိသည် မြဟန်ကိုလည်းအားကျမခံ ပန်းခြံထဲသို့ဆင်းရန် မျက်ရိပ်ပြလိုက်သောကြောင့် မြဟန်မှာ မသိမသာ ထလာခဲ့သည်။

"ရိလေး"

"ကိုသန့်ဇင်"

"ဟင်... ဒီလိုမထူးပါနဲ့ဆိုနေ"

"အို... ရှက်စရာကြီး...၊ ဒီလိုပဲ ထူးပါရစေဦး။ နောက်တော့မှပဲ...."

"အခု နည်းနည်းလေး အစမ်းထူးကြည့်စမ်းပါဦး။ ကဲ... ကဲ... တစ်ခါတည်း..."

"ခေါ်လေ"

"ရိလေး"

"ဟင် ရှက်တယ်"

"ကြည့်လေ၊ သူ့အလှည့်ကျတော့...။ အဲဒါ... မချစ်လို့...၊ မောင့်လိုရိက မချစ်လို့"

mgyoe.com

mgyoe.com


"ချစ်လို့ ကြိုက်တောင်နေကြပြီ ဥစ္စာ"

"ဒါဖြင့် မောင် ခေါ်ရမှာလေးကို ဒါလောက်တောင်မှ ဖြစ်နေရသလား"

"ကဲ... ကဲ... ဒါဖြင့် မောင် မောင် မောင်၊ မောင်မောင် သန့်ဇင်ကြီးရှင့်"

ဆောင့်ကြီးအောင့်ကြီးနှင့် ထူးလိုက်သည်။ သန့်ဇင်မှာ ကျေနပ်သော မျက်လုံးကြီးနှင့် ပြုံး၍ကြည့်လျက်နှင့် မိမိ၏လက်ထဲတွင် ကိုင်ထားသော နှင်းဆီပန်းပွင့်ကြီးကို အားရပါးရနမ်းသည်။ ပြီးတော့ ရီလေး၏ နောက်တွဲဆံထုံးလေးပေါ်သို့ ယုယစွာ ပန်ဆင်ပေးရင်း "အေး... ဒီလိုမှပေါ့။ ဒါတွေကြောင့် ရီလေးကို မောင်ချစ်တာ၊ ရီလေးမျက်နှာလေးကို တစ်နေ့မမြင်ရရင် မောင့်အသည်းတွေပူပြီး လူလည်း နေမထိ ထိုင်မထိကြီးဖြစ်နေတာပဲ ရီလေးရဲ့"

လေသံသဲ့သဲ့ကလေးနှင့် နားနားကပ်၍ပြောသောကြောင့် ရီလေးမှာလည်း ကျေနပ်စွာပြုံးပြီး မျက်လုံးလေးကြည်ကြည်နှင့်ရှိနေစဉ် အိမ်ပေါ်မှဆင်းလာသော မြပဟန်ကို လှမ်းမြင်လိုက်သောကြောင့် "ဟော... ဟိုမှာ ဒေါ်ဒေါ်မိရဲ့ သမက်လောင်းကြီး 'ကိုစတွန့်' လာနေပြီ၊ ရုပ်ကိုက"

မဲ့ကာရွဲ့ကာနှင့် အတင်းပြောလေလျှင် အကြောင်းစုံကို သိတန်သလောက်သိထားပြီဖြစ်သော သန့်ဇင်မှာ အလိမ္မာသဘောနှင့် ဟန်မပျက်ရောနှောပြောဆိုနေရန် သတိပေးထားရာမှ "ဒါထက် သူ့ကို ဘာဖြစ်လို့ ကိုစတွန့်လို့ ခေါ်ရတာလဲ ရီရဲ့"

"အော်... တစ်ချက်တစ်ချက် လူပျို့နာအကြောဆွဲပြီး ပါးကြော၊ မျက်စိကြောတွေ တွန့်တွန့်သွားလို့ ကို'စတွန့်'လို့ ခေါ်တာ။ ဒါတောင် သူက လူကြီးတွေကို ဘယ်လိုလိုမ့်ထားသလဲမသိဘူး၊ ဒေါ်ဒေါ်မိနဲ့ ဖေဖေက တယ်ရိုးရှာတဲ့ သူငယ်ကလေးလို့ အမြဲချီးမွမ်းနေသေးတယ်။ မရှိုး

mgyoe.com

mgyoe.com


တယ်ရှိးတယ် သူ့အကြောဆွဲပုံက သက်သေခံနေတာပဲ။ အမယ်ဒါတောင် ဖေဖေက သူငယ်နာ ကျဗဟုံးပါလာလို့ ထင်ပါရဲ့ သမီးရယ်တဲ့"

နှစ်ယောက်သား ပွဲကျသွားသည်။ မြဟန်အနီးသို့ ရောက်လာသောအခါ မျက်နှာပိုးသတ်ကာ ဣန္ဒြေမပျက် စကားဆက်လက်ပြောဆိုနေကြလေသည်။

*

mgyoe.com

mgyoe.com

## အခန်း ၈

"သမီးရေ... ဖေဖေ ရန်ကုန်သွားရလိမ့်မယ်ဟေ့။ ငါ့သမီး ဘာလို ချင်သလဲ၊ လိုချင်တာမှာ...၊ ဖေဖေပြန်တော့ ဝယ်လာခဲ့မယ် ဟေ့..."

"ဟင်... ဟုတ်လား ဖေဖေ၊ ဘယ်နေ့သွားမှာလဲ"

"နက်ဖြန် ညနေရထားနဲ့ သွားရမယ် သမီးရဲ့။ အရေးကြီးတဲ့ အလုပ် ငွေရေးကြေးရေးကိစ္စတစ်ခုကြောင့် ရန်ကုန်ဘဏ်တိုက်ကြီးက ဒါရိုက်တာ လူကြီးတွေနဲ့ သွားတွေ့ရမယ်။ ဒါနဲ့ ငါ့သားကြီးကော ဘယ်သွားသလဲ"

"ရှိတယ် ဖေဖေ၊ ကျွန်တော် စာဖတ်နေပါတယ်"

"လာပါဦးကွယ့်။ ဖေဖေ ရန်ကုန်သွားရမယ်၊ မင်းတို့မောင်နှမ ကောင်းကောင်းနေရစ်ကြ၊ ငါ့သားကလည်း သိပ်မလည်နဲ့"

"ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော်စာမေးပွဲနီးလို့ စာတွေ သိပ်ကြည့် နေရပါတယ်။ ဘယ်မှမလည်ပါဘူး။ ရီလေးတို့အိမ်တောင် အခုတစ်လော တယ်မသွားဘူး ဖေဖေရဲ့"

"အေး... အေး... စာကြိုးစားတာ ဖေဖေကြိုက်သကွယ်...၊ ဒီနှစ် အိုင်အေအောင်ပြီးရင် ငါ့သားကြီးလည်း ရန်ကုန်တက္ကသိုလ်ကို ဆင်းနေရ တော့မယ်။ ဘီအေအောင်ပြီးရင် ဘီအယ်လ်ကိုတော့ ချောချောမောမော

mgyoe.com

mgyoe.com


ကြီး အောင်စေချင်သကွယ်။ ဖေဖေတော့ ငါ့သားကို ဝတ်လုံခေါင်းကြီးနဲ့ မြင်ချင်လှပြီ"

"မကြာပါဘူး ဖေဖေ၊ ကျွန်တော်လည်း သိပ်ပြီး ရှေ့နေလုပ်ချင်တာပဲ။ ဘယ်လောက်များ စိတ်ဝင်စားနေသလဲဆိုရင် အခု စာကြည့်နေတုန်းမှာပဲ ဥပဒေစာအုပ်တွေ ခဏခဏဆွဲဆွဲပြီး ကြည့်မိတယ် ဖေဖေရဲ့"

"ဖေဖေ့မှာ မရှိမရှား ဆိုသလိုမို့သာပေါ့သားရယ်၊ ပစ္စည်းဥစ္စာများ သိပ်ပေါများရင် ငါ့သားကို ဘိလပ်ကိုတောင်ပို့ပြီးထားမှာကွ"

"ရှေ့နေလုပ်ရာမှာ လူအရည်အချင်းသာ လိုရင်းပါ ဖေဖေရယ်၊ တချို့ဘိလပ်ပြန် ဝတ်လုံကြီးများ တောရှေ့နေကလေးလောက်မှ စားလမ်း မချောင်ရှာကြဘူး"

"အေး အေး... ငါ့သားကြီးကတော့ နှုတ်ကလည်းလိုက်၊ ဉာဏ်ကလည်းထက်မြက်၊ အပေါင်းအသင်းကလည်း ဆံ့ဆိုတော့ ရှေ့နေအလုပ်နဲ့ အဟုတ်ကို ကြီးပွားမှာပဲကွယ်။ ကဲကဲ... ငါသားကကော ဘာမှာမလဲ၊ မင်းတို့ မောင်နှမအလိုရှိတဲ့ပစ္စည်းတွေ မှာကြ၊ ဖေဖေရန်ကုန်က ဝယ်လာမယ်"

"ဖေဖေ ဘယ်နှရက်ကြာမလဲ"

"လေးငါးရက် ကိစ္စမပြီးသေးရင်လည်း အလွန်ဆုံး ဆယ်ရက်၊ ဆယ့်ငါးရက်ပေါ့ကွယ်"

"ဖေဖေ၊ သမီးဖို့ ပီအောလ်တိုက်က လက်ပတ်နာရီလှလှကလေးနဲ့ ရွှေလက်ပတ်ကြိုးဆန်းဆန်းကလေး ဝယ်ခဲ့နော်"

"အေးအေး ဝယ်ခဲ့မယ်၊ ဘုရားခန်းမှာ ဖေဖေနေ့တိုင်းကပ်နေကျ သောက်တော်ရေ၊ ဆီမီး၊ ပန်း၊ အားလုံး ဖေဖေ့ ကိုယ်စားသမီးက ကပ်လှူပါကွယ်"

"ဟုတ်ကဲ့ ဖေဖေ၊ ဖေဖေဖို့ အဝတ်အစားတွေ သားရေသေတ္တာထဲမှာ စုံအောင် ထည့်ထားမယ်နော် ဖေဖေ"

mgyoe.com

mgyoe.com


"အေးအေး၊ ဒါနဲ့ ငါ့သားကကော ဘာမှာဦးမလဲ"

"ကျွန်တော့်အတွက်လည်း ကရှုမီယန် လက်ပတ်နာရီတစ်လုံး ဝယ်ခဲ့ပါဖေဖေ။ အခုပတ်နေတဲ့ နာရီကလေးက မိန်းမလျာဆန်လွန်းတယ်။ သိပ်မကြိုက်ဘူး"

"အေး၊ ဝယ်ခဲ့မယ်၊ ဝယ်ခဲ့မယ်"

ထို့နောက် အန္တဲ့သည် စိတ်ပါလက်ပါ ချက်ချာစွာနှင့် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်၍နေရာ ဖခင်ကြီးမှာ အလိုက်သိတတ်လှသော သမီးကလေးကို အရိပ်ကြည့်ကာ ပြုံးရွှင်ကျေနပ်နေရှာလေသည်။

ဦးထွန်းမောင်မှာ လခသုံးရာကျော်ရရှိသည့် ဘဏ်မန်နေဂျာကြီးတစ်ယောက်ဖြစ်သော်လည်း အသောက်အစား၊ အပျော်အပါးကင်း၍ ရိုးရိုးကုပ်ကုပ်နေတတ်သူဖြစ်စေကာမူ သဘောနှလုံးကောင်း၍ လူတစ်ဖက်သားကို သနားကြင်နာတတ်ခြင်း၊ သွေးသားနှင့် သူစိမ်းမခွဲခြားချို့တဲ့သူများကို ထောက်ပံ့ပေးကမ်းရာတွင် စေတနာရက်ရောလှခြင်းများကြောင့် ရသောလခနှင့် ပစ္စည်းဥစ္စာ ပိုပိုလျှံလျှံစုဆောင်းမိခြင်း မရှိရှာပေ။ သို့သော်လည်း စေတနာအားလျော်စွာ မရှိမရှား၊ မိတဆိုးဖြစ်သော သားသမီးကလေးများကိုမူ လှလှပပ၊ ဝဝလင်လင် ကျွေးမွေးပြင်ဆင်ပြီး ထားနိုင်လေသည်။

*

နောက်တစ်နေ့တွင် ဦးထွန်းမောင်သည် သမီးကလေး ပြင်ဆင်ထည့်သိုပေးထားသော သားရေသေတ္တာနှင့်အိပ်ရာလိပ်ကိုယူကာ သမီးကလေးနှင့် သားကိုလည်း သတိဝိရိယနှင့် ကောင်းမွန်စွာနေရစ်ကြရန် မှာထားပြီး ဘူတာရုံသို့ဆင်းခဲ့သည်။

ဦးထွန်းမောင်သည် နံပါတ် ၄ အစုန်ရထားကြီး၏ ဒုတိယတန်းတွဲ

mgyoe.com

mgyoe.com


တစ်တွဲတွင် စီးနင်းလာခဲ့သည်။ တွဲအတွင်းမှာ မိမိတစ်ယောက်တည်းဖြစ်နေသောကြောင့် ပျင်းပျင်းရှိတိုင်း သတင်းစာဖတ်လိုက်၊ ဂုဏ်တော်ပုတီးကြီးကိုစိပ်လိုက်နှင့်ရှိခဲ့ရာ သာစည်ဘူတာသို့ရောက်သောအခါတွင်မူ မိမိတွဲပေါ်သို့ လူတက်လာသော အသံကြားသောကြောင့် သတင်းစာကို ချ၍ မော်ကြည့်မိသည်။

အသက်သုံးဆယ်ကျော် လေးဆယ်တွင်းလောက်ရှိသော လုံးကြီးပေါက်လှ အထက်တန်းစားထဲကနှင့်တူသော မိန်းမကြီးတစ်ယောက်ကို တွေ့မြင်ရလေ၏။ ခရီးသည်မိန်းမကြီးမှာ ကိုယ်လုံးထွားထွား၊ အသားဖြူဖြူ၊ ရွှေမျက်မှန် လက်ကိုင်သားရေအိတ်နှင့် ပဒုမ္မာအင်္ကျီခပ်ပါးပါး၊ ဇင်းမယ်လုံချည်ရှားရောင်တို့ကို ဝတ်ဆင်ထားပြီးလျှင် သူနှင့်အတူယူဆောင်လာသော အိပ်ရာလိပ်နှင့် ခရီးဆောင်သေတ္တာများမှာလည်း အဖိုးတန်အကောင်းစားများ ဖြစ်လေ၏။ ခရီးသည် မိန်းမကြီးသည် မိမိပစ္စည်းများနေသားတကျရှိပြီးဖြစ်၍ တစ်တွဲတည်းစီးရသည့်ခရီး သွားဖော်ဖြစ်သော ဦးထွန်းမောင်ကို တစ်ချက်တစ်ချက် လှမ်းကြည့်လိုက်လေသည်။

ဦးထွန်းမောင်မှာ ထားဝယ်လုံချည်အနီကွက်တုံး၊ ပင်နီရင်ဖုံး အဖြူခံပန်းရိုက်ပဝါကို ပေါင်းလျက်၊ ကျားပါးစပ်ဖိနပ်ကြီးနှင့် တွေ့မြင်ရသောကြောင့် ဒုတိယတန်းစီးသည်ကို ထောက်၍ ရိုးအသော တောသူဌေးတစ်ယောက်သော်လည်းကောင်း၊ တောအမတ်သော်လည်းကောင်း ဖြစ်ရမည်ဟု မြင်လျှင်မြင်ချင်း အကဲခတ်လိုက်မိသည်။

သို့နှင့် အတန်ကြာ အကဲခတ်နေရာမှ အရွယ်ကြီးကြီးခရီးသည်ချင်းဖြစ်သည့်အားလျော်စွာ ဗလာအချောက်တိုက်ရထားလိုက်လာရမည်ကို ပျင်းရိသည့်အလား မိန်းမကြီးကပင် စတင်၍ စကားဆိုမိလေသည်။

"ဒီက အစ်ကိုကြီးက ဘယ်သွားမလို့ပါလိမ့်"

"အော်... ကျုပ်လား၊ ရန်ကုန်အထိပဲ"

mgyoe.com

mgyoe.com


"ဒါဖြင့် နေရာကျလိုက်တာရှင်၊ ကျွန်မလည်း ရန်ကုန်ပြန်ဖို့ပါပဲ တစ်ယောက်တည်း ဒုတိယတန်းစီးရမှာလည်း လူနည်းတတ်လို့ ခပ်ကြောက်ကြောက်ပဲရှင်၊ ဒါပေတဲ့ လူများများပါတဲ့ တတိယတွဲစီးရမှာ အနေရ အထိုင်ရ ဆင်းရဲလွန်းတော့ မစီးချင်ဘူးရှင့်၊ ကာလကြီးကိုက ပစ္စည်းကလေး နည်းနည်းပါးပါးနဲ့ ခရီးသွားရတာ အင်မတန် စိတ်မချစရာများပါဘိသနဲ့"

"ဩော်... ဟုတ်တာပေါ့ဗျာ၊ အစေခံတစ်ယောက်ကို အဖော်ခေါ်လာရောပေါ့"

"သတိတော့ ရပါရဲ့ရှင်၊ ဒါပေတဲ့ ကလောမှာရှိတဲ့ ညီမလေး တစ်ယောက်က အတော်မကျန်းမမာဖြစ်နေတော့ အမြန်လိုက်လာပါလို့ သံကြိုးရတော့ အရေးတကြီးရောက်ချင်ဇောနဲ့ ထွက်လာမိတာကလား။ အခုတော့ ညီမကလေးလည်း နေထိုင်ကောင်းပြီလေ၊ ကိစ္စမရှိတော့ဘူး။ ရန်ကုန်အိမ်ကလည်း လူငယ်တွေ၊ တပည့်တွေနဲ့ချည်း ပစ်ထားခဲ့ရတာ၊ စိတ်မချတာနဲ့ အလျင်စလို ပြန်လာခဲ့မိတယ်။ ဒါထက် အစ်ကိုကြီးက ဘယ်အရပ်ကပါလဲရှင်"

"မန္တလေးကပါပဲ"

"ရန်ကုန်ကို အလည်သွားဖို့ပဲ ဆိုပါတော့"

"ဟုတ်ကဲ့၊ ကိစ္စကလေးနည်းနည်းရှိတာနဲ့ လာခဲ့တာပါပဲ".

"ဘယ်မှာတည်းမလဲရှင့်၊ ကျွန်မတို့အိမ်လည်း မိတ်ဖြစ်ဆွေဖြစ်ဆိုသလို လာလည်ပါဦး။ ရွှေတောင်တန်း၊ မင်းကတော်မကြီးကြီးဆိုရင် လူတိုင်းသိပါတယ်၊ အခုလို ခရီးသွားတုန်း အဖော်အဖြစ်နဲ့ သိရကျွမ်းရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့၊ အချိန်ရရင် ဝင်ခဲ့ပါ့မယ်"

"အချိန်ရမှ မဟုတ်ပါဘူးရှင်၊ လာဖြစ်အောင် လာပါ။ တခြားနေရာ

mgyoe.com

mgyoe.com

တွေမှာ တည်းခိုဖို့ စိတ်တိုင်းကျမတွေ့ရင် ကျွန်မတို့တိုက်မှာ လာရောက် တည်းခိုနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဒါပေတဲ့ အလုပ်ကိစ္စနဲ့ နီးနီးနားနား ဘုံဘောဟိုတယ်မှာတည်းခိုဖို့ သံကြိုးရိုက်ထားပါတယ်ခင်ဗျာ"

"အော်... ဒါဖြင့် ထမင်းလေးဘာလေး သုံးဆောင်ရအောင် တစ်ခေါက်လောက်တော့ ဆက်ဆက်ဝင်ပါဦးရှင်။ ကျွန်မတို့လည်း မန္တလေးရောက်တဲ့အခါ အစ်ကိုကြီးအိမ်ကို လာလည်ပါမယ်"

"အခုလို ဖိတ်ကြားတာ ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ မန္တလေး ရောက်တဲ့အခါလည်း ကျွန်တော့်အိမ်မှာ တည်းခိုနိုင်ပါတယ်။ စီပီလိုင်း အမျိုးသားဘဏ်မန်နေဂျာ ဦးထွန်းမောင်ဆိုရင် ရထားသမား၊ ကား သမားတိုင်း သိကြပါတယ်"

"ကျေးဇူးတင်ပါတယ်ရှင်။ ဪ... အစ်ကိုကြီးက ဘဏ်မန်နေဂျာ ကိုး၊ ရန်ကုန်က အမျိုးသားဘဏ်တိုက်ကြီးဟာ ကုန်သည်လမ်းမှာဆို တော့ နီးနီးနားနားဘုံဘောဟိုတယ်မှာ တည်းခိုတာလည်း ကောင်းပါ တယ်။ ကျွန်မလည်း အဲဒီဘဏ်မှာ အစုရှယ်ယာတွေ အများကြီးဝင်ထား ပါတယ်"

"အင်း... ကောင်းပါတယ် ခင်ဗျာ၊ ခုလို ပစ္စည်းရှင်များက အားပေး ကြမှလည်း မြန်မာအလုပ်အကိုင်ကြီးတွေဟာ တစ်နေ့တခြား ကြီးပွား လာမယ်ခင်ဗျ"

"ကျွန်မလည်း ကိုယ့်မြန်မာအမျိုးသားကုမ္ပဏီကြီးတွေ ကြီးပွား စေချင်တဲ့ စေတနာအများကြီးရှိပါတယ်ရှင်။ ကျွန်မခင်ပွန်းသည်ရှိစဉ် တုန်းကသာဆိုရင် အမျိုးသားကုမ္ပဏီကြီးတွေ ကြီးပွားအောင် ဒီထက် များများအားပေးပါရဲ့။ အခုတော့ မုဆိုးမဘဝနဲ့ရှိတဲ့ပစ္စည်းကလေး များကို ကျစ်ကျစ်လျစ်လျစ်နဲ့ သိမ်းဆည်းနေရတဲ့ဘဝမို့သာပေါ့"

mgyoe.com

mgyoe.com


ဦးထွန်းမောင်သည် ဒေါ်ကြီးကြီး သွက်လက်ဖော်ရွေစွာ ပြောပြသော စကားများကိုနားထောင်လျက်ရှိရာ လူရိုးသဘောကောင်းကြီးဖြစ်သည့်အားလျော်စွာ အားငယ်သော မိန်းမတစ်ယောက်ကို ခရီးသွားစဉ် စောင့်ရှောက်တန်သလောက် စောင့်ရှောက်ရန် ဝတ္တရားရှိသည်ဟု တွေးမိလေသည်။ သို့ရာတွင် ကလေးများ မိခင်ဆုံးပြီးသည့်အချိန်မှစ၍ နှစ်ပေါင်းအတန်ကြာ မိန်းမများနှင့် ပေါင်းသင်းဆက်ဆံခြင်း မရှိသလောက်ဖြစ်ခဲ့ရာ ယခုကဲ့သို့ အရွယ်မတိမ်းမယိမ်း မိန်းကလေးတစ်ယောက်နှင့် နီးနီးကပ်ကပ်ခရီးသွားဖော်ဖြစ်နေသည်ကို အားနာသလို၊ အနေခက်သလိုရှိနေသောကြောင့် ဂရုမစိုက်ဘဲ မိမိဘာသာ အလိုက်အထိုက်နေလိုက်မည် ကြံပါသော်လည်း မကြီးကြီး၏ နှုတ်သွက်ဖော်ရွေမှုများကြောင့် အပြန်အလှန်စကားမပြောဘဲ မနေသာအောင် ရှိခဲ့လေ၏။

သို့နှင့်ပင် စကားတပြောပြောနှင့် အစဉ်အတိုင်း မီးရထားကြီးဆွဲဆောင်ရာသို့ ပါလာခဲ့ကြရာ စကားစကားပြောပါများ စကားထဲက ဇာတိပြပြီး မကြီးကြီးကလည်း ပါးနပ်ဖျတ်လတ်သော အထက်တန်းစားမိန်းမလည်းတစ်ယောက်ဖြစ်သည့် အားလျော်စွာ မသိမသာအမေး အစမ်းထုတ်နေသောကြောင့် နောက်ဆုံးတွင် ဦးထွန်းမောင်မှာ တစ်လ သုံးရာကျော်ရသော အမျိုးသားဘဏ်မှ မန်နေဂျာကြီးတစ်ယောက်ဖြစ်ကြောင်း၊ ဇနီးသေဆုံးပြီးနောက် သားသမီးနှစ်ယောက်နှင့် အေးချမ်းစွာ နေထိုင်လာကြောင်း၊ ယခု ရန်ကုန်လာရသည့်ကိစ္စမှာ ရန်ကုန်ဘဏ်ကြီးမှ ဒါရိုက်တာလူကြီးများနှင့် တွေ့ဆုံရန်နှင့် မန္တလေးဘဏ်ခွဲအတွက်လည်း ငွေကြေးအမြောက်အမြား ထုတ်ယူရန်ဖြစ်ကြောင်းကို သိရှိရလေ၏။

မကြီးကြီးမှာ ငယ်ရွယ်စဉ်ကပင် ပါးနပ်ဖျတ်လတ်သော မိန်းမတစ်ယောက်ဖြစ်ခဲ့ရာ အမျိုးအမည်မထင်ရှားသော်လည်း ရုပ်ရည်သနားကမားဖြစ်၍ ရှေးအခါက အိမ်တွင် ထမင်းလခပေးစားသော

mgyoe.com

ကောလိပ်ကျောင်းသားတစ်ယောက်နှင့် ချစ်ကြိုက်ပြီး ထိုကျောင်းသား မြို့အုပ်အလုပ်ရသွားသောအခါ အမိအရတွယ်လိုက်သွားခြင်းကြောင့် မင်းကတော်ဟူ၍ဖြစ်ခဲ့ရသော်လည်း လင်ဖြစ်သူမှာ ငါးနှစ်ကျော် ခြောက်နှစ်ခန့်လောက်သာ ပေါင်းသင်းရလျက် ရုတ်တရက်သေဆုံး သွားသောကြောင့် မင်းကတော်ဟူသော အမည်ကလေးတစ်လုံး အမည်ခံ လိုက်ရရုံမှတစ်ပါး စားလောက်သောက်လောက် ပစ္စည်းဥစ္စာ မကျန်ရစ် ဘဲ ၎င်း၏ဇာတိဖြစ်သော ရန်ကုန်မြို့သို့ ဝဲလည်ပြန်ရောက်လာပြီး မင်းကတော်တည်းဟူသော ဂုဏ်ကလေးကို လက်ကိုင်ပြုကာဖြစ်သလို၊ လည်ပတ်သလို၊ လှော်ခတ်ကူးယက်ကာ မိမိ၏နေရေးထိုင်ရေးအတွက် လုံးပန်းနေရှာသူဖြစ်လေသည်။

ထို့ကြောင့်လည်း မကြီးကြီးမှာ လူရိုးကြီး ဦးထွန်းမောင် အကြောင်း ကို သိရလျှင် သိရခြင်း မိမိအဖို့ မှိုခိုအခြေစိုက်နိုင်မည့် သိုက်ကြီးတစ်ခုကို တွေ့လေပြီဟု ထိုသိုက်ကြီးကို မပွင့်လျှင် ပွင့်အောင်ဖွင့်ရန် မိန်းမဉာဏ်ရှိ သမျှနှင့် အနည်းနည်းအဝဝကြိုးပမ်းရန် သန္နိဋ္ဌာန်ချမိလေ၏။

*

mgyoe.com

mgyoe.com

# အခန်း ၉

နောက်တစ်နေ့မနက်ကား ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်မိပြီ ဖြစ်သောကြောင့် အသီးအသီး ပစ္စည်းများသယ်ယူကြပြီးလျှင် မကြီးကြီး ကပင် စတင်၍၊

"ကဲ... ကျွန်မသွားလိုက်ဦးမယ် အစ်ကိုကြီးရဲ့။ ဒါနဲ့ အစ်ကိုကြီး ဘယ်နေ့လောက်အိမ်ကို ကြွလာမလဲ...။ ဟိုတယ်မှာဆိုတော့ အင်္ဂလိပ် ဟင်း၊ ကုလားဟင်းတွေသာ စားနေရမှာပဲ။ စိတ်တိုင်းကျ ကိုယ့်မြန်မာ ဟင်း၊ မြန်မာထမင်းနဲ့ မြိန်မြိန်ကြီးစားရအောင် နေ့တိုင်းပဲ ကျွန်မတို့အိမ် ကို လာပါလားရှင်။ တို့စရာ၊ ငါးပိရည်၊ ငါးသလောက်ဟင်း၊ ပုစွန်ဟင်း၊ လတ်လတ်ဆတ်ဆတ်တွေနဲ့ ရန်ကုန်ထမင်းဟင်းကလေးများနဲ့ ကျွေးမွေး ပြုစုလိုက်စမ်းပါရစေလားရှင့်..."

"ကျေးဇူးတင်ပါတယ် မင်းကတော်ရယ်၊ ဒုက္ခမရှာပါနဲ့"

"အားမနာပါနဲ့ အစ်ကိုကြီးရဲ့။ တကတဲ အစ်ကိုကြီးတို့အိမ်လာ တော့ ကျွေးရမှာစိုးလို့လား"

"အိုး... ဒါကြောင့် မဟုတ်ပါဘူး မင်းကတော်ရဲ့...။ ကျွန်တော်က အလုပ်တစ်ဖက်နဲ့မို့ပါ"

"ကိစ္စမရှိပါဘူးရှင်၊ နက်ဖြန်ခါကျရင် ကျွန်မလာခေါ်မှာပဲ အစ်ကိုကြီး

mgyoe.com

mgyoe.com


ဟိုတယ်မှာ တည်းရုံတည်းပါ။ ကျွန်မကတော့ မြင်မြင်ချင်းပဲ ကိုယ့်ဦးလေး ဦးကြီးတစ်ယောက်တွေ့ရသလို ခင်မင်ကြည်ညိုပြီး ပြုစုချင်လို့ ဖိတ်ခေါ်တာပါ အစ်ကိုကြီးရဲ့"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲကဲ... သွားလိုက်ပါဦးမယ်"

"ကောင်းပါပြီ။ နက်ဖြန်မနက် ကျွန်မလာကြိုမယ်နော်...၊ အစ်ကိုကြီး ဘာမှစားမထားပါနဲ့"

"ဟုတ်ကဲ့... ဟုတ်ကဲ့"

ထိုနောက် ကိုယ့်ပစ္စည်းကိုယ်သယ်ကာ ဆိုင်ရာဆိုင်ရာထွက်လာကြ၏။ သို့ရာတွင် ဦးထွန်းမောင် စီးလာသည့်ရထားနှင့် အတူပါလာသော ခရီးသည်ယောကျ်ားနှစ်ယောက်တို့သည် အခြားခရီးသည်များကဲ့သို့ ရတ်တရက်ဘူတာအပြင်သို့ ထွက်၍မသွားသေးဘဲ၊ ဦးထွန်းမောင်နှင့် မကြီးကြီးတို့အနားတွင် ရစ်သီရစ်သီနှင့် စောင့်ကြည့်အကဲခတ်လျက်ရှိနေသည်ကို တွေ့မြင်နိုင်ပြီးလျှင် ဦးထွန်းမောင်တည်းခိုသော ဘုံဘောဟိုတယ်သို့အရောက်ပင် မသိမသာနောက်ယောင်ခံ၍ လိုက်ကြည့်ပြီးမှ တော်ရာအရပ်သို့ လှည့်ထွက်သွားကြသည်ဖြစ်ရာ၊ လူရိုးကြီး ဦးထွန်းမောင်ကား တစ်စုံတစ်ရာမသိရှာဘဲ၊ မိမိအဖို့ တည်းခိုရန် ပြင်ဆင်ထားသော အခန်းသို့ ဖြောင့်ဖြောင့်တန်းတန်းကြီး တက်သွားရှာလေသတည်း။

*

နောက်တစ်နေ့မနက် ၈ နာရီ အချိန်လောက်တွင် ဘုံဘောဟိုတယ် အရှေ့၌ လက်ပြောင်တောက်ပသော ပရိုက်ဗိတ်တက္ကစီဆလွန်း ကားကြီး တစ်စီး ထိုး၍ရပ်လာလေသည်။ ကားထဲမှ အထက်တန်းစား မင်းကတော်နှင့်တူသည့် မိန်းမတစ်ယောက်ဆင်းလာပြီး အရှိအသေပြု၍ ကြိုဆိုနေသော ဘွိုင်ကုလားများကို စကားအနည်းငယ်ပြောဆို မေးမြန်း

mgyoe.com

mgyoe.com


လျက် အပေါ်ထပ်သို့တက်သွားလေ၏။ ဘုံဘောဟိုတယ်နှင့် မျက်နှာချင်းဆိုင် လူသွားပလက်ဖောင်းပေါ်၌မူကား ယမန်နေ့က မယောင်မလည်လိုက်လာသည့် လူနှစ်ယောက်သည် ချရားပင်ကလေးတစ်ခုအောက်တွင် ကျားထိုးတမ်းကစားလျက် တစ်ချက်တစ်ချက်မူကား ဟိုတယ်ပေါ်သို့ မသိမသာမော့၍ ကြည့်တတ်ကြလေ၏။

"ဟော... အစ်ကိုကြီးအခန်းက ဒီမှာပါလား" ဟူသော အသံနှင့်အတူ မကြီးကြီးသည် ဦးထွန်းမောင်၏အခန်းထဲသို့ ဝင်လာခဲ့လေသည်။

"ကဲ... အစ်ကိုကြီး၊ ထမင်းသုံးဆောင်ရအောင် ကျွန်မကိုယ်တိုင်ပဲလာခေါ်ပါတယ်"

"အော်... မင်းကတော်နှယ်၊ နေရာရှာလို့ဗျာ"

"အဲ့ဒီလိုပြောပြီး ငြင်းနေမှာစိုးလို့ တခြားလူကို မလွှတ်ဘဲ ကျွန်မကိုယ်တိုင်လာခေါ်တာ။ ကဲ... အဝတ်များလဲပါ အစ်ကိုကြီး၊ ဩော်... ဒါနဲ့ အစ်ကိုကြီးရဲ့ ကိစ္စများကော ချောမောပြီလား"

(ခေါင်းပေါင်းပေါင်းရင်းမှ) "အင်း ပြီးသလောက်ရှိပြီ။ ဒါပေတဲ့ ငွေရေးကြေးရေးကိစ္စတော့ သန်ဘက်ခါမှ ပြီးမယ်"

"ဒါဖြင့် အစ်ကိုကြီး အားနေတာပေါ့။ ကဲ... ထမင်းစားဖို့ အချိန်လည်း စောပါသေးတယ်။ ရောက်တဲ့အခါ အစ်ကိုကြီးသွားချင်တဲ့နေရာကိုပြောပါ။ ကျွန်မမှာ ကားအဆင်သင့်ပါလာတယ်။ ဘယ်သွားမလဲ အစ်ကိုကြီး"

"ဘယ်မှ မလည်ချင်ပါဘူး မင်းကတော်ရယ်...။ လည်ရမယ့်အရွယ်လည်း မဟုတ်ပါဘူး"

"ဩော်... လည်တယ်လည်း ဘယ်ဟုတ်မှာလဲ အစ်ကိုကြီးရဲ့...။ ရောက်ခဲရောက်လွယ်ဆိုသလို ရန်ကုန်ရောက်တဲ့အခါ ရွှေတိဂုံဘုရား၊ ငါးထပ်ကြီးဘုရား၊ ဗိုလ်တထောင်ဆံတော်ဦးစေတီများဖူးဦးမှပေါ့..."

mgyoe.com

ဦးထွန်းမောင်သည် ရတနာသုံးပါး ကိုင်းရှိုင်းရိုသေသည့် အရွယ် အားလျော်စွာ အကြိုက်ကို ကောက်ကာငင်ကာ သွေးဆောင်လိုက်သော မကြီးကြီး၏စကားကို နားဝင်စိတ်ပါသွားလေတော့၏။

"သြော်အင်း... ဟုတ်ပါရဲ့ မင်းကတော်။ တခြားနေရာတွေ မလည် ချင်ပေမဲ့ ဘုရားတော့ ဖူးချင်ပါရဲ့"

"ဒါကြောင့် ကျွန်မ ပို့ပါမယ်လို့ ပြောပါပကော အစ်ကိုကြီးရဲ့။ အစ်ကိုကြီးကိုက အားနာလိုက်ရတာ၊ ငြင်းလိုက်ရတာ လွန်ပါရော၊ ကဲကဲ... နေမပူခင် ကုန်းတော်ပေါ် အရင်သွားလိုက်ကြဦးစို့ အစ်ကိုကြီး"

ထိုနောက် မကြီးကြီးသည် ဦးထွန်းမောင်အား ခေါ်ကာ ဘုရားများ ကို နှံ့စပ်အောင် လိုက်ပို့ခဲ့ပြီးမှ မိမိတိုက်ခန်းရှိရာ ရွှေတောင်တန်းသို့ မနက်ထမင်းစားရန် ပြန်လာခဲ့လေ၏။

အိမ်သို့ရောက်သောအခါလည်း ညဥ့်ကပင် ကြိုတင်စီစဉ်ထားပြီး ဖြစ်သည့်အလျောက် အစေခံမကလေးက သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင် ထားသော ထမင်းစားပွဲကြီးကို မကြီးကြီးကိုယ်တိုင် ဟင်းကျွေး ဟင်းလျာများကို ပူဆွေးစွာ ခပ်ထည့်ပေးလျက်

"ကဲ... သုံးဆောင်ပါ အစ်ကိုကြီး၊ ဘာမှအားမနာပါနဲ့...။ ဟောဒါ က ငါးသလောက်ချဉ်ရည်၊ ဒါက ပုစွန်ထုပ်ကြီးဆီပြန်၊ တညင်းသီးက လည်းကောင်းလိုက်တာ၊ ငါးပိရည်ကလည်း ငါးရံ့လုံးကြီးတွေကို ကျိုထားတော့ သိပ်စားလို့မြိန်မှာပဲ။ ဟောဒါက ခေါင်းခြေဆိုတဲ့ အရွက်ကို ဝက်သားနဲ့ကြော်တာ အစ်ကိုကြီးရဲ့။ ဒီအရွက်ဟာ ကျွန်မတို့ အောက် အရပ်မှာသာရှိတယ်၊ အစ်ကိုကြီးတို့ မန္တလေးမှာမရှိဘူး။ ကိုင်းဥဆီ ပြန်ကလေးကလည်း လူကြီးများနဲ့ သင့်ပါတယ်။ မြိန်မြိန်သုံးဆောင်ပါ"

ထမင်းလိုက်၊ ဟင်းလိုက်၊ ယပ်ခတ်နှင့် ပါးစပ်ကလည်း မရပ်မနား လောကွတ်အဝေသား ဖြစ်နေလေ၏။

mgyoe.com

mgyoe.com

ဦးထွန်းမောင်မှာလည်း သွက်လက်ဖျတ်လတ်စွာ ပြုံးစုယုယ၍ ညှော်ဝတ်အကျောကြီး ကျေနေရှာသော တိုက်တွန်းမှုကြောင့်တစ်ကြောင်း အမြဲတမ်းစားရသော အညာဟင်းစပ်မျိုးမဟုတ်ဘဲ အောက်ပြည်အောက်ရွာ၏ ဟင်းစပ်မျိုးကို တစ်ခါတစ်ရံကြုံကြိုက်ရခြင်းဖြစ်ရကား တအင်းအင်းနှင့်လိုက်ရင်း အတင်းကျုံး၍ စားလျက်ရှိလေ၏။

"တော်ပလား အစ်ကိုကြီးရဲ့။ စားတာကလည်း နည်းနည်းလေးကို"

"အမယ်လေး၊ မြိန်မြိန်နဲ့ စားလိုက်တာ ဗိုက်ပေါက်ရချည်ရဲ့ မင်းကတော်၊ တော်ပါပြီ"

"မအေး... လက်ဆေးရေ လောင်းပေး၊ ဟိုဘက်က ရေခဲဖန်ခွက်လည်း ဒီအနားတိုးလိုက်။ ကိုင်း... အစ်ကိုကြီး ထမင်းစားပြီး အချိုကလေးသုံးဆောင်ပါဦး။ ဒါက ဒူးရင်းသီး၊ ဒါက မင်းကွတ်သီး၊ ပေါ်တဲ့အခါမို့ အဆင်သင့်ကျွေးရတာပေါ့"

ဦးထွန်းမောင်သည် ယပ်ကလေးတခတ်ခတ်နှင့် လောကဝတ်ကျေပွန်လှသော မကြီးကြီးအား ကျေးဇူးတင်စွာနှင့်ပင် ကျွေးသမျှကို စား၍နေလေရာ နောက်ဆုံးတွင် ဗိုက်လေးလာလေတော့၏။ အလိုက်သိသော မကြီးကြီးကလည်း သင်ဖြူးချောကြီးတစ်ချပ်နှင့် ကတ္တီပါခေါင်းအုံးကြီးကို ထုတ်၍ အခင်းခိုင်းကာ

"ထမင်းစားပြီးရင် တစ်အောင့်တစ်နားလှဲ၊ တစ်ရေးတစ်မောမှေးပါဦး။ ဖြည်းဖြည်းတော့ ပြန်တာပေါ့အစ်ကိုကြီးရဲ့၊ အလုပ်ကိစ္စကလည်း ဒီနေ့အားသားပဲ"

အနီးတွင် လက်ဖက်ရည်ပွဲကိုချ၍ ဆေးပေါ့လိပ်ကြီးကိုလည်း မကြီးကြီးကိုယ်တိုင် မီးညှိပေးလာ၏။

ယုယုယယပြုစုမည့်မိန်းမနှင့် အလှမ်းဝေးချင်တိုင်းဝေးပြီး အရိုင်းသက်သက်ကြီးကဲ့သို့ဖြစ်နေရာတွင် ယခုကဲ့သို့ ညွတ်ညွတ်နူးနူး မိန်းမ

mgyoe.com

mgyoe.com


တစ်ယောက်၏ ပြုစုယုယသည့်အရသာကို လက်တွေ့ခံစားရသောအခါ လူရိုးကြီးဦးထွန်းမောင်၏စိတ်တွင် ရုတ်တရက်သော် သာယာသလို ဖြစ်သွားမိ၏။ ရုပ်ရည်သနားကမားအရွယ်ကလေး၊ စကောစက သဘော သကာယလည်းကောင်းရှာပါလျက် အားကိုးရာ လင်သားမရှိ မိန်းမသား ချည်းသက်သက်နေရသော မကြီးကြီးအား သနားကရုဏာဖြစ်၍ နေမိ၏။

နံနက်တုန်းက ဘုရားတွေကို နှစ်ယောက်သား သွားလာဖူးမြော် ရစဉ်ကလည်း ဘုရားရင်ပြင်တော်ရှိ လူအများက အကြင်လင်မယား ဟု အထင်အမှတ်မှားကြရုံမက အလှူခံသီလရှင်အချို့နှင့် သူတောင်းစား အချို့ကို လှူဒါန်းပေးကမ်းစဉ်အခါကလည်း အမျိုးမျိုးဆုတောင်း ဆုယူ ပြုလိုက်ကြသည့်စကားထဲ၌ “ဒီလင် ဒီမယား အိုအောင်မင်းအောင် ပေါင်းသင်းရပါစေ” ဟူသော စကားတစ်လုံးကြောင့် အတော်ကြီးအနေ ရခက်သွားမိလျက် ယခုကဲ့သို့နှစ်သက်သာယာဖွယ် ပြုစုယုယကျွေးမွေး ခြင်းခံရပြန်သောအခါ၌မူ နှစ်ပေါင်းများစွာက အိပ်မောကျနေသော စိတ်ကလေးများပင် ရုတ်တရက် နိုးကြားလာသယောင်ယောင် ရှိလာလေ တော့၏။

သို့ရာတွင် မိမိ၏နှလုံးသည်းပွတ်ပမာ အလွန်တရာချစ်ခင်ပြီး ကြေးမုံပြင်ကဲ့သို့ အရိပ်ကြည့်ထားသည့် သားကလေးနှင့် သမီးကလေး များကို ရုတ်ခနဲသွား၍ သတိရမိလေ၏။ သို့သတိရသည်နှင့်တစ်ပြိုင် နက် မိမိနှစ်ပေါင်းများစွာက စောင့်ထိန်းထားသော သိက္ခာသမာဓိ တရားကြီးပင် ပျက်စီးသွားလေပြီလားဟု ရုတ်တရက်တုန်လှုပ်ချောက် ချားသွားမိ၏။ မကြီးကြီးမှာ အပြုအစုအယုအယကောင်းလှသော်လည်း အောက်သူဆတ်ဆတ်ကြဲထဲကဖြစ်၍ ရွှေပေါ်မြတင်အလိုလိုက်ထား သော မိမိသားသမီးလေးများ စိတ်ညစ်အနေကျုံ့သွားရှာမည်ကို မခံနိုင်

mgyoe.com

mgyoe.com

သဖြင့် ရှေ့လာလတ္တံ့သော မိမိစိတ်ကူးများကို တအားဖြတ်တောက် သုတ်သင်ပစ်လိုက်ပြီးလျှင် ရိုးရိုးသားသားမိတ်ဆွေပေါင်း ပေါင်းသော စိတ်မျိုးကို ခိုင်မြဲစွာ ပြောင်းလဲထားလိုက်၏။

ထို့ကြောင့်လည်း မကြီးကြီးက လက်ဖက်သုပ်ပန်းကန်အနီး၌ ဆေးပေါ့လိပ်ကြီးနှင့် ထိုင်၍ဧည့်ခံရင်း တစ်လုံးသွင်းနှစ်လုံးသွင်းဆို သလို မိမိမှာ မိန်းမသားတစ်ကိုယ်တည်း နေရ၍ အားငယ်ကြောင်း၊ သို့အတွက် စိတ်ကောင်း နှလုံးကောင်းရှိသူများကို တွေ့ရလျှင် အားကိုးမှီခိုချင် ကြောင်း၊ ဦးထွန်းမောင်ကို တွေ့ရသောအခါမှာလည်း မြင်လျှင်မြင်ချင်း အစ်ကိုအရင်း၊ ဦးလေးအရင်းကြီးများ တွေ့ရသလို အားထားကြောင်း၊ မိမိမှာ သားသမီးအထောက်အခံသည် မရှိသဖြင့် သားသမီးအရွယ်များ ကိုတွေ့လျှင် အထူးပင်ချစ်ခင်တတ်ကြောင်း၊ ဦးထွန်းမောင်၏ သားသမီး ကလေးများကိုလည်း များစွာတွေ့လိုမြင်လို ချစ်ခင်လိုကြောင်းများကို ရေလာမြောင်းပေးစကားသွေး၍ အဘိုးကြီး အကြိုက်ကို မျှောလိုက်ရာ ဦးထွန်းမောင်လည်း ပုထုဇဉ်တို့၏သဘာဝအတိုင်း ဒုတိယအကြိမ် မြောက် အနည်းငယ် စိတ်ညွတ်ယိုင်လာမိပြန်လေ၏။

သို့ရာတွင် ဤကိစ္စမျိုးမှာ အချိန်များစွာယူ၍ အလေးအနက် စဉ်းစား ရမည့်ကိစ္စမျိုးဖြစ်သောကြောင့် မိမိဘက်မှ တစ်စုံတစ်ရာမျှ အစွန်းအစ မပြခဲ့ဘဲနှင့်ပင် အတန်ကြာမှ ပြန်လာခဲ့၏။ မကြီးကြီးမှာကား နောက် တစ်နေ့တွင်လည်း ထမင်းစားလာပါရန် ဖိတ်မန္တက ပြုလိုက်ပြန်၏။

*

ထိုအချိန်မှာပင် ၂၂ လမ်း ပရိုက်ဗိတ်ကားတစ်စင်းအနီးမှ ထွက် လာခဲ့သော ကြမ်းပိုးဂိုက်နှင့် လူမိုက်ရုပ်ပေါ်နေသော လူတစ်ယောက် သည် သိမ်ကြီးဈေး သစ်သီးတန်းထောင့်တွင် မယောင်မလည်နှင့်ရပ်နေ

mgyoe.com

mgyoe.com


သော လူနှစ်ယောက်ထံသို့ ရောက်လာလေ၏။ စောင့်နေသော လူနှစ်ယောက်က တီးတိုးလေသံနှင့် မေးလိုက်၏။

"ဘယ့်နှယ်လဲ။ ကားသမားကို တွေ့ခဲ့ရဲ့လား"

"အင်း... ခင်ဗျားတို့ပြောတဲ့ ကားနံပါတ်အတိုင်း တွေ့ခဲ့ရပါပြီ။ ကားသမားကလည်း သူတို့သွားလာသမျှ အကုန်ပဲ စာရင်းချပြီးပြောလိုက်တယ်"

"ဩော်... ဟုတ်လား၊ သူတို့က ဘယ်လိုအဆက်လဲ မသိခဲ့ရဘူးလားကွ"

"ငနဲမကြီးက ရန်ကုန် 'ပတ်ကားဂျင်' ကြီးပဲ။ အဘိုးကြီးကို အမဲဆိုပြီး ဖမ်းနေတာ။ မီးရထားပေါ်မှာ အသိဖြစ်လာသတဲ့"

"ဟာ... ဒါဖြင့် နေရာကျတာပဲ။ သူတို့နှစ်ယောက်စလုံးကို အလစ်မပေးနဲ့။ ဘယ်နေ့မှာ ဘာလုပ်တယ်ဆိုတာကို အကုန်လုံး 'ရီပို့' ပေးရမယ်၊ ကြားလား။ မင်းကိုအသုံးချတဲ့အခါမှာလဲပဲ ငွေအများကြီး ပေးဦးမယ်။ ရော့... အခု ဒါပဲယူသွား"

"ဟာ... နှစ်ဆယ်တော့ နည်းပါတယ်ဆရာ။ ငါးဆယ်ပေးပါ။ ဟိုဒရိုင်ဘာကောင်ကိုလည်း ခွဲ့ရဦးမှာ ဆရာရဲ့"

"ရော့ကွာ။ မင်းတို့ လူမိုက်တွေဟာ ဆန်မရှိ သောက်စားကြီးတွေပဲ...။ အလုပ်ကလေးနည်းနည်းစမိရင် ညှဉ်းဖို့လောက်ပဲ သိတတ်တယ်"

"ဒီလိုမပြောပါနဲ့ ဆရာရယ်။ တပည့်တို့အလုပ်ကိုလည်း အကဲခတ်စမ်းပါဦး။ ယူသလောက်တန်အောင် လုပ်ပြတတ်ပါတယ်"

"အေးပါကွာ။ တို့ကလည်း မင်းတို့ကို ယုံလို့ အသုံးချတာပေါ့။ ကဲကဲသွားတော့။ တို့တွေ့ချင်ရင် မနေ့ကနေရာကိုလာခဲ့"

ထို့နောက် ကိစ္စပြီးပြတ်ပြီဖြစ်၍ လူချင်းခွဲလိုက်ကြ၏။

*

mgyoe.com

mgyoe.com

## အခန်း ၁၀

နောက်တစ်နေ့မနက်တွင်လည်း မကြီးကြီးကိုယ်တိုင် ကားနှင့် လာခေါ်သောကြောင့် ဦးထွန်းမောင်မှာ အားတုံ့အားနာနှင့် လိုက်ခဲ့ရပြန်၏။ ယမန်နေ့ကလိုပင် လောကဝတ်ကျေစွာနှင့် အစွမ်းကုန်ပြုစုလိုက်သည်ကို ကျေနပ်ဝမ်းမြောက်စွာ စားသောက်ပြန်လာပြီးနောက် ပီအောလ်တိုက်ကိုဝင်ကာ သမီးနှင့်သားတို့ မှာထားလိုက်သော လက်ပတ်နာရီကလေးများဝယ်ခြမ်း၍ လူကြီးများနှင့် စကားပြောရန် ဘဏ်တိုက်သို့ ဝင်လာခဲ့၏။

ဦးထွန်းမောင်ဘဏ်တိုက်သို့တက်ခဲ့ပြီး ရှေ့ဆက်နောက်ဆက် လိုလိုပင် မယောင်မလည်နှင့် လူနှစ်ယောက်လည်း ဘဏ်တိုက်ထဲသို့ ဝင်ရောက်လာကာ ချက်လက်မှတ်တစ်စောင်ကို ငွေလဲလှယ်ရန်ပြပြီး တစ်ခဏထိုင်စောင့်နေလေ၏။ ဦးထွန်းမောင်လည်း မန်နေဂျာအခန်းသို့ ခေတ္တဝင်၍ စကားပြောပြီး နောက်တစ်နေ့ ညနေသုံးနာရီလောက်တွင် ငွေများထုတ်ယူရန် စကားသေချာပြီဖြစ်သောကြောင့် တည်းခိုရာဟိုတယ်ဆီသို့ပြန်လာခဲ့လျှင် မယောင်မလည်လိုက်လာသော လူနှစ်ယောက်လည်း ဘဏ်တိုက်ထဲမှ ငွေလဲ၍ ပြီးစီးသဖြင့် ထွက်ခွာခဲ့လေ၏။

ထိုနေ့ညနေပိုင်းမှအစပြု၍ အိပ်ပျော်သည်အထိပင် ဦးထွန်းမောင်သည် သားသမီးကလေးများမျက်နှာကို ထင်မြင်၍ သနားငဲ့ညာလျက်

mgyoe.com

mgyoe.com


ရှိသောကြောင့် အပြုအစုကောင်းသော မကြီးကြီးအပေါ်တွင် စိတ်ဝင်စားလာသည်များကို တားမြစ်ချုပ်တည်း၍ ကိစ္စပြီးလျှင် မြန်မြန်ပြန်မှသင့်မည်။ တစ်သက်လုံး သားသမီးများနှင့်အတူ အေးအေးချမ်းချမ်းနေလာခဲ့ပြီးမှ သေခါနီး ရိက္ခာမယူ၊ အပူမရှာတော့ပါဟု ဆုံးဖြတ်မိသည်။

ထို့ကြောင့် နောက်တစ်နေ့မနက်လင်းသောအခါ ယခင်နေ့များကဲ့သို့ပင် မကြီးကြီးရောက်လာပြီး ထမင်းစားခေါ်ရာ ယနေ့အဖို့ အလုပ်ကိစ္စရှိနေ၍ ဘဏ်တိုက်သို့ စောစီးစွာသွားရမည်ဖြစ်သောကြောင့် ထမင်းစားမလိုက်နိုင်တော့ကြောင်း၊ ညနေသုံးနာရီလောက်တွင် ဘဏ်မှငွေထုတ်ပြီး ညရထားနှင့် မန္တလေးပြန်တော့မည်ဖြစ်ကြောင်းများကို စကားချေင်စွာ တောင်းပန်၍လွှတ်လိုက်လေရာ မကြီးကြီးမှာ မကျေမနပ်စိမ်းဆတ်ဆတ်ပြန်လွှတ်ရမည်ကို မခံနိုင်ဘဲ။

“ဒါဖြင့် ညကို အစ်ကိုကြီးလမ်းမှာစားဖို့ စားစရာများလာပို့ပါရစေဦး”

မကြီးကြီးက ပြောဆိုပြီး ပြန်ခဲ့၏။

ထိုအခိုက်တွင် ဦးထွန်းမောင် တည်းခိုသောအခန်းနှင့် ထရံချင်းကပ်လျက်ရှိသောအခန်းမှ နောက်ထပ်ရောက်လာသည့် ဧည့်သည်သစ်နှစ်ယောက်မှာ တစ်ဖက်ခန်းမှပြောကြသော စကားကို နားစွင့်ရင်းတစ်ယောက်မျက်နှာကိုတစ်ယောက် ကျေနပ်စွာလှမ်း၍ ကြည့်လိုက်ကြလေသတည်း။

*

ဦးထွန်းမောင်လည်း မန္တလေးဘဏ်ခွဲအတွက် ရန်ကုန်ဘဏ်ခွဲအတွက် ရန်ကုန်ဘဏ်တိုက်ကြီးမှ ငွေငါးသောင်းထုတ်ယူလာခဲ့ပြီးနောက်ငွေထည့်သော သံသေတ္တာကလေးကို မိမိ၏ခရီးဆောင်သား ရေသေတ္တာ

mgyoe.com

mgyoe.com

ထဲသို့ ကျစ်လျစ်သိပ်သည်းစွာ ထည့်လျက် သော့ကို မိမိ၏ ရှပ်အင်္ကျီနာရီ အိတ်တွင် ထည့်ထားလိုက်သည်။ သေတ္တာထဲတွင် ငွေတွေက အမြောက် အမြားရှိနေသောကြောင့် မီးရထားအချိန်နီးမှ ခရီးထွက်တော့မည်ဟု ဘယ်ကိုမျှမသွားဘဲ ငြိမ်သက်စွာကုပ်၍နေခဲ့သည်။

သို့ရာတွင် ညနေငါးနာရီလောက်ရှိသောအခါ အခန်းထဲသို့ မကြီးကြီးသည် စားသောက်စရာများထည့်သော သတ္တုချိုင့်နှင့် လက် ဆောင်မုန့်ထုပ်များနှင့် တစ်ပါတည်း ဝင်ရောက်လာ၏။

"ဟောဒီမှာ အစ်ကိုကြီး မနက်ကလည်း ထမင်းမစားလို့ တရုတ် ထမင်းကြော်နဲ့ ဆယ့်နှစ်မျိုးဟင်းချို၊ ဘဲသားကင်တွေယူလာပါတယ်။ ပူပူနွေးနွေးစားလိုက်စမ်းပါ။ ဟောဒါက ကလေးများစားဖို့ ရန်ကုန် ရွှေကြည်မုန့်နဲ့ ပုသိမ်ဟာလဝါ အစ်ကိုကြီးရဲ့"

"ဩော်... မင်းကတော်နယ်၊ ဒုက္ခရှာလိုက်လေနော်"

"ဟော... အစ်ကိုကြီးကတော့ ပြောရှာ့မယ်။ ခုတောင်ပဲ ဒီအားနာ တယ်ဆိုတဲ့ စကားကြီးကို သုံးနေတုန်းရှိသေးတာကိုး။ ကဲကဲ... ဝယ်လာမှတော့ အားနာပေတဲ့ တကူးတကယူလာရတဲ့လူကို အားနာ သဖြင့် ပူပူနွေးနွေးကလေး သုံးဆောင်လိုက်ပါဦးနော် အစ်ကိုကြီး"

သံချိုင့်များကို စားပွဲငယ်တွင်ဖြန့်ခင်း၍ အသင့်ယူလာသော ဇွန်း၊ ခက်ရင်းများကိုပါ အရန်သင့်ပြင်ဆင် ကျွေးမွေးလေတော့၏။ ဦးထွန်းမောင် ကား မငြင်းသာတော့ချေ။ ညနေစာကို မှာယူမစားသေးခင်ဖြစ်သော ကြောင့် သွားခါနီးလည်း ဖြစ်နေသဖြင့် ပို့လာရသူ ကျေနပ်စေခြင်းငှာ ထမင်းကြော်နှင့် ဆယ့်နှစ်မျိုးဟင်းချိုများကို ဝသည်အထိ စားသောက်နေ လေ၏။ မကြီးကြီးလည်း စကားတပြောပြောနှင့် အနီးတွင်ထိုင်ရင်းက ဖန်ချိုင့်ထဲမှ သောက်ရန်ရေများကို ကိုယ်တိုင်ထ၍ ငှဲ့ယူပေးကာ

"အစ်ကိုကြီး၊ ဒီညရထားနဲ့ ဆက်ဆက် ပြန်တော့မှာပေါ့နော်.."

mgyoe.com

mgyoe.com


"အင်း... ပြန်ရမယ် မင်းကတော်၊ ကိစ္စလည်း ပြီးနေပြီဥစ္စာ၊ နေဖို့ရန် အကြောင်းမရှိတော့ဘူး..."

"နောက်တစ်ခါလာရင်တော့ ဒီဟိုတယ်မှာ မတည်းပါနဲ့ရှင်၊ ကျွန်မတို့အိမ်မှာပဲတည်းပါ။ အစ်ကိုကြီးရဲ့ သားနဲ့သမီးကိုလည်း အလည်ခေါ်လာပါ..."

မကြီးကြီးက လောကွတ်များကို လိုက်ပြန်လေ၏။

"ဟုတ်ကဲ့ ကလေးတွေဘုရားဖူးရအောင် တစ်ခေါက်လောက်တော့ ခေါ်လာခဲ့ဦးမယ်..."

ဦးထွန်းမောင်က ရိုးရိုးပင် ပြောလိုက်စေကာမူ မကြီးကြီးမှာ ဒီလူကြီး နောက်တစ်ခါ အကြောင်းကိစ္စမရှိဘဲ ဘယ်နည်းနဲ့မှ မလာဘူးဟု အတပ်သိထားလေ၏။

ထိုနောက် စားသောက်ခြင်းကိစ္စ ပြီးစီး၍ သိမ်းဆည်းထည့်သိုတန်သရွေ့ကို သိမ်းကောက်ပြီး မကြီးကြီးက စကားအမျှင်မပြတ်အောင် ပြောနေပြန်လေ၏။ ဦးထွန်းမောင်လည်း မကြီးကြီးကိုအားနာသဖြင့် အသင့်အတင့်မျှ စကားပြောဆိုနေရသည်ဖြစ်ရာ ထိုသို့စကားပြောနေရင်းမှာပင် ကြောက်သလိုလို ရွံ့သလိုလို၊ အိပ်ချင်သလိုလို ခေါင်းထဲက မူးနောက်လာသလိုလိုက တစ်စတစ်စနှင့် မျက်လုံးတွေလေးလံလာလျက် ရုတ်တရက်ခေါင်းငိုက်စိုက်ချပြီး ကုလားထိုင်ပေါ်တွင် မှီလျက်သား အမေ့ကြီးမေ့လျော့သွားလေ၏။

"အို... အစ်ကိုကြီး ဘယ်လိုဖြစ်သွားတာလဲ..."

မကြီးကြီးလည်း အံ့အားသင့်သွားသဖြင့် တီးတိုးမေးလိုက်၏။

ဦးထွန်းမောင်ကို ပွေ့ထူစမ်းသပ်ကြည့်ပြီး လုံးလုံးကြီးသတိလစ်သွားသည်ကိုသိရမှ မကြီးကြီးမှာ မျက်စိတွေဝင်းဝင်းပြောင်၍ အရောင်တွေ ထွက်လာကာ၊ တံခါးကို ကပျာကယာသွားပြီး မင်းတုပ်ချလျက်...

mgyoe.com